ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (18-8-2004)(၄၃၂၉)

ကာလေန ဓမ္မဿဝနံ တေံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

အိန္ဒိယနိုင်ငံ FIPPI ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန်　ဩဂုတ်　၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အိန္ဒိယသမ္မတနိုင်ငံ Federation of Indian Plywood & Panel Industry မှ ဥက္ကဋ္ဌ Mr. S.P. Goenka နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ သတ္တု၊ စက်မှုလက်မှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယသမ္မတနိုင်ငံ Federation of Indian Plywood & Panel Industry မှ ဥက္ကဋ္ဌ Mr. S.P. Goenka နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး

အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်　ဩဂုတ်　၁၇

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိ အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ခင်နု၊ ဦးထွန်းရင်လော၊ ဦးယော အေးလှ၊ ဦးမောင်လှ(ခ)ဦးလှမြင့်၊ ဦးမြအေး၊ ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာဦးသိန်း၊ ဦးဘိုးစောနှင့် ဦးထွန်းအောင်ချိန်တို့ တက်ရောက်ကြ သည်။

လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး (၂)ဒေါက်တာ ဦးသောင်းမြင့်၊ အဖွဲ့ဝင်ဦးဆန်းထွန်းနှင့် ဦးဘဟန်၊ လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြု ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ➪

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

မြန်မာနိုင်ငံ၏ကံကြမ္မာကို မြန်မာနိုင်ငံကသာ ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ မြန်မာနိုင်ငံ၏ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် ကြိုးစား ဆောင်ရွက်နေမှုကို နားလည်ထောက်ခံသည်။

ဦးဇော်၏ “ဧရာဝတီ–မဲခေါင် ညီအစ်ကိုနိုင်ငံများ၏ ချစ်ခင်သွေးစည်းမှုခရီးစဉ်” ဆောင်းပါး(စာမျက်နှာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၈–၈–၂၀၀၄
(ဗုဒ္ဓဟူးနေ့)

မူးယစ်ဆေးဝါးပပျောက်ရေး အရှိန်အဟုန်မြှင့်ကြိုးပမ်း ဒေသခံပြည်သူများ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသဖြင့် နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး အမျိုးသားရေးအသွင်ဖြင့် စီမံကိန်းများ ချမှတ်လုပ်ဆောင်လျက်ရှိသည်။

မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့တို့ မျိုးစေ့ချပေးခဲ့သည့် ဆိုးမွေတစ်ရပ်ဖြစ်သည်။ ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများအပေါ် ရေရှည်သွေးစုပ်ခြယ်လှယ်အုပ်ချုပ်နိုင်ရန်အတွက် တိုင်းရင်းသားအချင်းချင်း သံသယစိတ်ကြီးထွားစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် နည်းမျိုးစုံဖြင့် လုပ်ကြံဖန်တီးခဲ့ကြသည်။

ထို့အတူ တစ်ဖက်ကလည်း တစ်မျိုးသားလုံးကို လူညွန့်တုံးစေမည့် ဘိန်းကို တိုင်းရင်းသားများ စိုက်ပျိုးထုတ်လုပ်သုံးစွဲတတ်စေရန် လုပ်ဆောင်ခဲ့ကြသည်။ တစ်မျိုးသားလုံး အမျိုးဂုဏ်၊ ဇာတိဂုဏ် ပျက်ပြားစေပြီး စီးပွားရေးနှင့် လူမှုရေးများ နိမ့်ပါးစေရန် မူးယစ်ဆေးဝါးကို အဖျက်လက်နက်အဖြစ် ရည်ရွယ်ချက်ရှိရှိ အသုံးချခဲ့သည်ကိုတွေ့ရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ကိုလိုနီနယ်ချဲ့တို့ ဖန်တီးထားခဲ့သည့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု အမွေဆိုးကြီးကို မြန်မာ့မြေက အပြီးတိုင်ဖယ်ရှားပစ်ရေး အစီအမံများကို တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် နိုင်ငံတော်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ၁၉၉၉ခုနှစ်မှ စတင်ချမှတ်ကာ စီမံချက်အတိုင်း အဆင့်လိုက် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပြင် ဘိန်းစိုက်ပျိုးမှုပပျောက်စေမည့် အစီအမံများကိုလည်း ချမှတ်ဖော်ဆောင်လျက်ရှိသည်။ နယ်စပ်ဒေသများရှိ ဘိန်းစိုက်ပျိုးလေ့ရှိတတ်သည့် နယ်မြေဒေသများတွင် ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝမြင့်မားလာရေးအတွက် ဘိန်းအစား အခြားသီးနှံများ စိုက်ပျိုးစေခြင်း၊ စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းတို့ဖြင့် အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ပန်းတိုင်သစ်စီမံကိန်းကို ထပ်မံအားဖြည့် ဆောင်ရွက်လျက်ရှိသည်။ ပန်းတိုင်သစ်စီမံကိန်း၏ ထူးခြားချက်မှာ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများခေါင်းဆောင်သောအဖွဲ့များက စီမံကိန်းဝင်ဒေသများသို့ ကွင်းဆင်းကာ ဒေသခံတောင်သူများအား ဘိန်းအစားထိုး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ပေးခြင်း၊ စည်းရုံးပညာပေးခြင်း၊ ငွေကြေးနှင့် အခြားစားနပ်ရိက္ခာများ ထောက်ပံ့ပေးခြင်းများကြောင့် ဘိန်းစိုက်တောင်သူများကိုယ်တိုင် ဘိန်းစိုက်ပျိုးမှုကို လိုလိုလားလား စွန့်လွှတ်လာကြသည်ကို တွေ့ရသည်။

နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းလျက်ရှိသကဲ့သို့ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများနှင့်ပါပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က မူးယစ်ဆေးဝါး အမြစ်ပြတ်ပပျောက်ရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိချိန်တွင် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ၌ နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားရုပ်ရှင် ထုတ်လုပ်ရေးကုမ္ပဏီအဖွဲ့ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီနှင့် မြန်မာနိုင်ငံရှိ I.C Enterprises Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Kim Sung Wook နှင့်အဖွဲ့သည် ယမန်နေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရုံးအဖွဲ့မှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်းအား နိုင်ငံခြားဧည့်သည်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား ဖိလစ်ပိုင်နိုင်ငံ အခြေစိုက် Advanced Technology Systems, Ins မှ President & Chief Executive Officer Mr. Francis N. Celones နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက် ၁၀နာရီခွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီနှင့် မြန်မာနိုင်ငံရှိ I.C Enterprises Co., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Kim Sung Wook နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်/ဆက်ဦးစီးဌာနသို့ စာအုပ်များ လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စေတနာရှင်၊ အလှူရှင်များက စာအုပ်များလှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ်(၂၂/၂၄)ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ စာအုပ်များ လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

တက်ရောက်

လှူဒါန်းပွဲသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေ ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသက်စိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် ဒေါက်တာသာထွန်းဦး (အုပ်ချုပ်မှုဒါရိုက်တာ–တူဒေးစာနယ်ဇင်းထုတ်ဝေရေး လီမိတက်)က လိုက်ဖ်စတိုင်၊ တူဒေးမဂ္ဂဇင်း၊ ကျန်းမာရေးမဂ္ဂဇင်း၊ စီးပွားရေးနှင့်စီမံခန့်ခွဲရေးမဂ္ဂဇင်း၊ P.C World Myanmar ကွန်ပျူတာမဂ္ဂဇင်း အုပ်ရေ ၁၅၀၀၊ ဦးသိန်းမြင့်–ဒေါ်မိုးစန္ဒာထွန်း (ရောမင်းသိန်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်–မန္တလေးမြို့)က ချစ်နိုင် (စိတ်ပညာ) ရေးသားသည့် "လောကဇာတ်ခုံ ပေါ်မှာ" စာအုပ် အုပ်ရေ၄၀၀၊ ဆရာတော် ဦးဇောတိက 'မဟာမြိုင်တောရဆရာတော် ပျဉ်းမနားမြို့'က "အရုပ်ထဲမှာ ရှင်းအောင်နေ" ၂၃၅အုပ်နှင့် "မေတ္တာလမ်းပျောက်ရာမှ လမ်းမှန်ပေါ်ရောက်လာသူ" ၁၀၈အုပ်၊ ဒေါ်ခင်သီတာအောင်အမှတ်(၆၃/ဒီ)၊ပြည်လမ်း ၆ မိုင်ခွဲ လှိုင်မြို့နယ်က စတိုင်သစ်၊ မှုခင်း၊ အပျိုစင် စသည့် မဂ္ဂဇင်းစုံ အုပ်ရေ ၆၀၀၊ ဦးလေးမြတ် အမှတ် (၂၁၇) ပထမထပ် ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်က "ခေတ်ဆန်းဂျာနယ်" အုပ်ရေ ၂၀၀၊ ဦးဝင်းသိန်း အခန်းအမှတ် (၁၄) တိုက်အမှတ်(၅) ဝန်ထမ်းအိမ်ရာ နာနတ်တောကမာရွတ်မြို့နယ်က မြန်မာ့စွယ်စုံကျမ်းအတွဲ အမှတ် (၃၊ ၄၊ ၇၊ ၈၊ ၉၊ ၁၀) ခြောက်အုပ်၊ ဒေါ်ကျော်ဆုမွန် အမှတ် (၄၄၉/အေ) မိုးမခလမ်း ဗဟန်းမြို့နယ်က "The Myanmar News Gazette" စာအုပ် ၄၉ အုပ်တို့ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းထံ ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီးက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်များက စာအုပ်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လှူဒါန်းသော စာအုပ်များမှာသုတ ၇၄၉အုပ်၊ မဂ္ဂဇင်း ၂၁၀၀နှင့် ဂျာနယ်စာစောင် ၂၄၉စောင်၊ တန်ဖိုးငွေ စုစုပေါင်း ကျပ် ၁၅၁၂၁၅၀ ဖြစ်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းထံ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွက် အလှူရှင် ဆရာတော်ဦးဇောတိက(မဟာမြိုင်တောရ ဆရာတော် ပျဉ်းမနားမြို့) ၏ ကိုယ်စားတပည့်ဒါယကာတစ်ဦးက "အရုပ်ထဲမှာရှင်းအောင်နေ" စာအုပ် ၂၃၅အုပ်နှင့် "မေတ္တာလမ်းပျောက်ရာမှ လမ်းမှန်ပေါ်ရောက်လာသူ" စာအုပ် ၁၀၈ အုပ်တို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

အီရတ် အခြေအနေ ပါကစ္စတန် စိုးရိမ်

အစ္စလမ္မာဘတ် ဩဂုတ် ၁၅

ပါကစ္စတန်နိုင်ငံက အီရတ်နိုင်ငံတွင် နောက်ဆုံး တိုက်ခိုက်သတ်ဖြတ်နေမှုနှင့် စပ်လျဉ်း၍ အလွန်အမင်း စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားလိုက်ပြီး အထွတ်အမြတ်ထားရာ နေရာများဖြစ်သည့် နာဂျက်ဖ်မြို့၊ ကာဘာလာနှင့် အခြားဒေသများကို လေးစားကြရန် တောင်းဆိုလိုက်သည်။

အီရတ်နိုင်ငံတွင် တိုက်ခိုက်သတ်ဖြတ်နေမှုအပေါ် နက်နက်ရှိုင်းရှိုင်း စိုးရိမ်ပူပန်မိကြောင်း နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ မာဆွတ်ခက်က ပြောကြားသည်။

လုပ်ကိုင်သင့်

ယင်းသတ်ဖြတ်မှုများ အဆုံးသတ်ရမည်ဖြစ်ကြောင်း၊ နာဂျက်ဖ်မြို့၊ ကာဘာလာနှင့် အခြားနေရာများရှိ အထွတ်အမြတ်ထားရာ နေရာများအား ရိုသေလေးစားမှု ရှိကြရန်နှင့် အီရတ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကိုရှေးရှု၍ လုပ်ကိုင်သွားသင့်ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ၎င်းက အီရတ်ရှိ အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်ဖွဲ့များ၏ ထိုးစစ်ဆင် တိုက်ခိုက်မှုများအပေါ် ဝေဖန်ခြင်း မရှိပေ။

ဆန့်ကျင်

ပါကစ္စတန်နိုင်ငံသည် အကြမ်းဖက် တိုက်ခိုက်မှုအား ထိုးစစ်ဆင်ရာတွင် အမေရိကန်ပြည်ထောင်စု၏ အဓိက အပေါင်းပါနိုင်ငံ တစ်နိုင်ငံဖြစ်သော်ငြားလည်း အီရတ်နိုင်ငံအား တိုက်ခိုက်ခဲ့ခြင်းသည် တရားဥပဒေနှင့် မညီညွတ်ဟုဆိုကာ ၎င်းစစ်ပွဲကို ဆန့်ကျင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အမေရိကန်နှင့် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်မြို့တွင် တိုက်ခိုက်မှု အဆုံးသတ်ရေးအတွက် ရည်ရွယ်သည့်အနေဖြင့် စစ်လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် အားဖြည့်ကာ မီဒီလက်နက်ကိုင်နှင့် အစွန်းရောက် အယ်လ်ခိုင်ဒါ၏ နောက်လိုက်များအား ဘာသာရေးဆိုင်ရာ နာဂျက်ဖ်မြို့တွင် ကြာသပတေးနေ့က အဓိက ထိုးစစ်တစ်ရပ် ဆင်နွှဲခဲ့ရာ လူ ၁၆၀ ထက်မနည်း သေဆုံးခဲ့ရသည်။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၂၂၀၀တို့နှင့်အတူ အမေရိကန်က လေ့ကျင့်သင်တန်းပေးထားသည့်အီရတ် တပ်ဖွဲ့ဝင် ၅၀၀မှ ၁၀၀၀ အတွင်းရှိ တပ်ဖွဲ့ဝင်များ ယင်းထိုးစစ်တွင် ပါဝင်ခဲ့ကြသည်ဟု အမေရိကန် ကာကွယ်ရေးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည့် ခုခံတိုက်ခိုက်ရေးသမားတစ်ဦးကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆီးရီးယား ယာဉ်မောင်းတစ်ဦး အီရတ်မြောက်ပိုင်း၌ ပြန်ပေးဆွဲခံရ

ကယ်ကွတ် ဩဂုတ် ၁၅

ဆီးရီးယား ထရပ်ကားယာဉ်မောင်းတစ်ဦးဖြစ်သူ ဟက်ဆန်မိုဟာမက်သည် အီရတ်နိုင်ငံ မြောက်ပိုင်းတွင် ယမန်နေ့နံနက်က ပြန်ပေးဆွဲခံရကြောင်းဖြင့် ကယ်ကွတ်ရဲတပ်ဖွဲ့မှူးကြီး ရဲချုပ် တာဟန်ယူဆွတ်က ပြောကြားသည်။

ခေါ်ဆောင်

ကယ်ကွတ်မြို့ အနောက်မြောက်ဘက် ၇၅ ကီလိုမီတာအကွာ အယ်ဘူဝိုင်မြို့ အနီးတွင် ယာဉ်မောင်း ဟက်ဆန်မိုဟာမက်အား မျက်နှာဖုံးစွပ်ထားသော သေနတ်သမားများက မော်တော်ကားနှစ်စီးဖြင့် ပြန်ပေးဆွဲ ခေါ်ဆောင်သွားသည်။

အော်ဟစ်ပြောဆို

မျက်မြင်တွေ့ရှိသူများက ဟက်ဆန်မိုဟာမက်ကို မျက်နှာဖုံးစွပ်ထားသူ ခုနစ်ယောက်ခန့်က ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်ဟုဆိုသည်။ ပြန်ပေးသမားများက ၎င်းအား မော်တော်ယာဉ်အတွင်းမှ ဆွဲချစဉ် ဟက်ဆန်မိုဟာမက်က ၎င်းသည် ဆီးရီးယားနိုင်ငံသားတစ်ဦးဖြစ်ကြောင်း အော်ဟစ်ပြောဆိုသည်ဆို၏။

နောက်ဆုံးတွင် ဟက်ဆန်မိုဟာမက်အား မော်တော်ကားတစ်စီးအတွင်းသို့ အဓမ္မသွင်းပြီးနောက် ထိုနေရာမှ မောင်းထွက်သွားသည်ဆို၏။

တွေ့ရှိ

ရဲတပ်ဖွဲ့ဝင်များသည် ထရပ်ကားယာဉ်မောင်း၏ ထိုင်ခုံအောက်မှ ဟက်ဆန်မိုဟာမက်၏ မှတ်ပုံတင်ကတ်ပြားကို တွေ့ရကြောင်း၊ ထရပ်ကားပေါ်တွင် သံပိုက်လုံးများ တင်ထားသည်ကို တွေ့ရကြောင်းဖြင့် ရဲမှူးကြီးက ပြောပြသည်။

အင်တာနက်။

အီရတ်၌ ကုလသမဂ္ဂတပ်ဖွဲ့များကို လက်ခံရန် အသင့်ရှိဟု အယ်လ်ဆာဒါပြောဆို

နာဂျက်ဖ် ဩဂုတ် ၁၅

နာဂျက်ဖ်မြို့တွင် ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါ၏ လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများနှင့် အီရတ်အစိုးရတို့အကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပျက်ပြားသွားစဉ်မှာပင် အီရတ်နိုင်ငံ၌ ကုလသမဂ္ဂတပ်ဖွဲ့ ထားရှိရေးကို လက်ခံရန် အယ်လ်ဆာဒါက အသင့်ရှိကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူ ရှိတ်အာမက်အယ်လ်-ရှိုင်ဘာနီက ပြောကြားသည်။

အီရတ်နိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် အမေရိကန် ဦးဆောင်သည့် သိမ်းပိုက်ရေးတပ်ဖွဲ့များထက် ကုလသမဂ္ဂတပ်ဖွဲ့ကို မိမိတို့ ပို၍နှစ်သက်ကြောင်း ၎င်းက ပြောကြားသည်။

အသင့်ရှိ

ကုလသမဂ္ဂ တပ်ဖွဲ့ဝင်များနှင့် သိမ်းပိုက်ရေး တပ်ဖွဲ့တို့အကြား ကြီးမားသည့် ကွဲပြားခြားနားမှုရှိကြောင်း၊ တွေ့ဆုံဆွေးနွေးပွဲကျင်းပရန် မေတ္တာရပ်ခံလာလျှင် ကုလသမဂ္ဂ ကိုယ်စားလှယ်နှင့် တွေ့ဆုံဆွေးနွေးရန် အသင့်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဆွေးနွေး

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အီရတ်ဆိုင်ရာ အထူးသံတမန် ကာဇီသည် သောကြာနေ့က ဘဂ္ဂဒက်သို့ ရောက်ရှိပြီး ချက်ချင်းပင် အီရတ်ဝန်ကြီးချုပ် အာလာဝီ၊ သမ္မတ ဂါဇီအယ်ယာဝါတို့နှင့် ဆွေးနွေးခဲ့သည်။

အမေရိကန် ထောက်ခံအားပေးသည့် အီရတ်တပ်ဖွဲ့ဝင်များနှင့် ဆာဒါ၏ လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ နာဂျက်ဖ်မြို့၌ တိုက်ခိုက်နေကြသည်ကို ငြိမ်းချမ်းစွာ ဖြေရှင်းကြရန် ကုလသမဂ္ဂ၏ တိုက်တွန်းချက်ကို ကုလသမဂ္ဂ အထူးသံတမန်က ထပ်လောင်း ပြောကြားကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

လုံခြုံရေးအရ အီရတ်တောင်ပိုင်း ရေနံပိုက်လိုင်းကို ပိတ်ထားရ

ဘဂ္ဂဒက် ဩဂုတ် ၁၅

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ရေနံလုပ်ငန်းကို တိုက်ခိုက်နိုင်သည်ဟု ထောက်လှမ်းရေးသတင်းများအရ သိရှိရပြီးနောက်တွင် အီရတ်အာဏာပိုင်များသည် အီရတ်နိုင်ငံ တောင်ပိုင်း ရေနံပိုက်လိုင်းမှ ရေနံတင်ပို့မှုကို လုံခြုံရေးအရ ရပ်ဆိုင်းထား ကြောင်း ရေနံလုပ်ငန်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ပျက်ပြား

တစ်စိတ်တစ်ဒေသအားဖြင့် အီရတ်နိုင်ငံမှ မတည်မငြိမ်ဖြစ်မှုကြောင့် ရေနံဈေးနှုန်း စံချိန်တင် မြင့်တက်နေချိန်တွင် အီရတ်နိုင်ငံတောင်ပိုင်း ရေနံပိုက်လိုင်းများမှ ရေနံတင်ပို့မှုကို ရပ်ဆိုင်းထားရာ ရေနံဝင်ငွေ တိုးတက်ရရှိရေး အားထုတ်ကြိုးပမ်းမှုများကို ပျက်ပြားစေသည်။

ဘာဆာရာမြို့၏ အခြေအနေမှာ ဆိုးရွားကြောင်း၊ ရေနံလုပ်ငန်းစီမံခန့်ခွဲရေးဌာနက ရေနံပိုက်လိုင်းကို စနေနေ့ နှောင်းပိုင်းတွင် ပိတ်ပစ်လိုက်ကြောင်း တောင်ပိုင်း ရေနံကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အလုပ်သမားအနည်းငယ်ကို လုပ်ငန်းခွင်တွင် တွေ့မြင်ရကြောင်း၊ သို့ရာတွင် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ နောက်လိုက်များကို စိန်ခေါ်ရင်ဆိုင်ရန် မဝံ့ရဲကြကြောင်း ၎င်းက ပြောကြားသည်။ အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များကို တိုက်ခိုက်နေသည့် အယ်လ်ဆာဒါ၏ မီဒီလက်နက်ကိုင် တိုက်ခိုက်ရေးသမားများကို ရည်ညွှန်း၍ ၎င်းက ပြောကြားခြင်းဖြစ်သည်။

ရှီးယိုက်တို့ အထွတ်အမြတ်ထားရာ နာဂျက်ဖ်မြို့အား အမေရိကန်တို့၏ ထိုးစစ်ဆင် တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ရေနံလုပ်ငန်းကို တိုက်ခိုက်သွားမည်ဖြစ်ကြောင်း မီဒီလက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ပြတ်ပြတ်သားသား ပြောကြားထားသည်။ ***အင်တာနက်။***

တောင်းဆို

အယ်လ်ဆာဗေဒိုနိုင်ငံ မြို့တော်ဆန်ဆာဗေဒိုတွင် အီရတ်သို့ တပ်ဖွဲ့ စေလွှတ်ခြင်းမပြုရန် တောင်းဆိုသည့် ပိုစတာတစ်ခုအား ဆန္ဒပြသူများက ချိတ်ဆွဲထားသည်ကို ဩဂုတ် ၁၂ က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တစ်ဖက်သတ် ကျင့်သုံးသည့်မူဝါဒ ဖိလစ်ပိုင်ဆန့်ကျင်

မနီလာ ဩဂုတ် ၁၆

နိုင်ငံတကာဆက်ဆံရေးတွင် တစ်ဖက်သတ် ကျင့်သုံးသည့် မူဝါဒကို ဖိလစ်ပိုင်နိုင်ငံက ဆန့်ကျင်ကြောင်းနှင့် ၂၁ ရာစုတွင် နိုင်ငံစုံပါဝင်သည့်စနစ် ရှင်သန်ကြီးထွားရေးကြိုးပမ်းရာ၌ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့(အင်အေအမ်)ကို ထောက်ခံကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဒီလီယာအယ်ဘက်က စနေနေ့က ပြောကြားသည်။ ဩဂုတ် ၁၉ ရက်တွင် ကျင်းပမည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့သို့ မထွက်ခွာမီ ၎င်းက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ အထူးသဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပူးပေါင်းဆက်သွယ်နေသည့် ယနေ့ကမ္ဘာကြီးတွင် တစ်ဖက်သတ်ကျင့်သုံးသည့်မူဝါဒကို တားဆီးဟန့်တားရမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးရုံးတွင် သတင်းထောက်များအား ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘုရှ်၏ အီရတ်စစ်ပွဲကြောင့် ရေနံဈေးတက်ပြီး ကန်စီးပွားရေးထိခိုက်ဟု ကယ်ရီဝေဖန်

လော့(စ်)အိန်ဂျိန်လိစ် ဩဂုတ် ၁၄

လက်ရှိသမ္မတဘုရှ်၏ အစိုးရသည် အီရတ်စစ်ပွဲကို ဆင်နွှဲခဲ့သည်။ ထို့အတွက် ရေနံဈေးနှုန်းတက်လာစေရန် အကြောင်းရင်းတစ်ရပ်ဖြစ်လာခဲ့ပြီး အမေရိကန် စီးပွားရေးကို ထိခိုက်လာစေသည်ဟု အမေရိကန်နိုင်ငံ၌ လာမည့်သမ္မတရွေးကောက်ပွဲတွင် သမ္မတအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် ဒီမိုကရက်တစ်ပါတီမှ ရွေးချယ်ခံထားရသူ သမ္မတလောင်း ဂျွန်ကယ်ရီက မဲဆွယ်တရားဟောရာ၌ ထည့်သွင်းဟောပြောသွားသည်။

ဂျွန်ကယ်ရီသည် အော်ရီဂွန်ပြည်နယ် စပရင်ဖီးလ်အရပ်တွင် ဩဂုတ် ၁၃ ရက်က တရားဟောစဉ် အထက်ပါ စကားများကို ပြောကြားခဲ့ခြင်းဖြစ်သည်။ ရေနံဈေးနှုန်းတက်သွားသည့်အတွက် အမေရိကန်ပြည်သူများ၏ ငွေကြေးသုံးစွဲနိုင်အားကို ယုတ်လျော့သွားစေသည်။ ကုမ္ပဏီများ၏ အမြတ်ငွေပမာဏကို နိမ့်ကျသွားစေသည့်အပြင် စားသုံးသူများ၏ စီးပွားရေးအပေါ် ယုံကြည်မှုကိုလည်း ထိခိုက်သွားစေသည်။ ထိုမှအကျိုးဆက်အနေဖြင့် အမေရိကန်၏ စီးပွားရေးကိုပါ ဆက်၍ ထိခိုက်စေကြောင်း ကယ်ရီကဝေဖန်ခဲ့သည်။

ကမောက်ကမဖြစ်

ယခုအခါ ကမ္ဘာ့အခြေအနေမှာ မတည်မငြိမ်ဖြစ်နေပြီး ဈေးကွက်အခြေအနေများမှာလည်း ကမောက်ကမဖြစ်နေသည်။ ထိုအကျိုးဆက်များကြောင့် ပြည်သူများ၏ အလုပ်အကိုင်အခြေအနေများကို ထိခိုက်လာကာ ကွင်းဆက်အဖြစ် ကျွန်ုပ်တို့၏အိတ်တွင်းရှိ သုံးစွဲစရာ ငွေစကြေးစများကိုပါ နည်းပါးကြုံလှီသွားစေသည်ဟု ကယ်ရီကဆိုသည်။

မြင့်တက်လာ

အဆိုပါ မှတ်ချက်များကို ကယ်ရီက ရေနံဈေးနှုန်းများတက်လာပြီး နောက်ပိုင်းတွင်မှ ပြောကြားလာခြင်းဖြစ်၏။ တစ်ချိန်တည်းလိုလိုမှာပင်အီရတ်၌ခုခံရေးသမားပြောက်ကျားများ၏ တိုက်ခိုက်မှုမှာလည်းမြင့်တက်လာလျက် ရှိသည်။ ဖော်ပြပါ အခြေအနေများ၏ အကျိုးသက်ရောက်မှုကြောင့် အမေရိကန်စတော့ရှယ်ယာဈေးကွက်တွင် ဈေးနှုန်းများကျဆင်းသွားရသည်ဟု ဆိုသည်။

ကတိစကားဆို

လက်ရှိသမ္မတဘုရှ်က အရှေ့အလယ်ပိုင်းရှိ ရေနံထုတ်လုပ်သော နိုင်ငံများကို ဖိအားပေးပြီး ခတ်ဆိလောင်စာဈေးနှုန်း ကျဆင်းအောင် ဆောင်ရွက်ပေးမည်ဟု ကတိစကားဆိုခဲ့ဖူးသည်။ ကယ်ရီက မဲဆွယ်တရားဟောရာ၌ ထိုအချက်ကိုထောက်ပြရင်း သမ္မတဘုရှ်ကိုဝေဖန်တိုက်ခိုက်လိုက်သည်။

ထိနိုက်

ရေနံလောင်စာဈေးများ ခေါင်ခိုက်အောင် တက်သွားပြီဆိုလျှင် ကျွန်ုပ်တို့၏ အိတ်ထောင်တွင်းမှ ငွေစကြေးစများကို ထိခိုက်သွားပြီလို့သာ မှတ်လိုက်ပါ။ ထိုအခြေအနေသို့ရောက်ပြီဆိုလျှင် အမေရိကန် စီပွားရေးမှာလည်း မြွေပူရာကင်းမှောင့်ဖြစ်ပါလိမ့်မည်ဟု ကယ်ရီကဆိုသည်။

အစားထိုးသုံးစွဲ

ကယ်ရီကတရားဟောရာ၌ ပြည်ပမှတင်သွင်းသော ရေနံအပေါ် မှီခိုအားထားနေရသည့်အဖြစ်ကို လျော့ပါးသွားအောင်ဆောင်ရွက်မည်ဟုကတိပြုခဲ့သည်။ ထိုသို့ဆောင်ရွက်ရန်အတွက် ကုန်ခန်းသွားတတ်သည့် လောင်စာမျိုးကို အသုံးလျှော့ပြီး အကြိမ်ကြိမ်ပြန်၍ထုတ်လုပ်နိုင်သော လောင်စာမျိုးကို များများစားစား အစားထိုးသုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကြေညာနိုင်

အကြိမ်ကြိမ် ပြန်ထုတ်လုပ်နိုင်သော လောင်စာမျိုးတွင် ပြောင်းနှင့် ပဲပိစပ်ကဲ့သို့သော ကုန်ကြမ်းများမှ ထုတ်ယူသည့် လောင်စာအမျိုးအစားများ ပါဝင်သည်။ ဤနည်းအားဖြင့် အမေရိကန်ကို လောင်စာအမှီအခိုကင်းသော နိုင်ငံအဖြစ် ကမ္ဘာကိုကြေညာနိုင်စေရမည်ဖြစ်ကြောင်း အော်ရီဂွန် ပြည်နယ်တစ်နေရာ၌ တရားဟောရာတွင် ထည့်သွင်းပြောကြားသွားသည်။

အမ်အင်အေးဆင်ဟွာ။

အီရတ်နိုင်ငံ ဆမ်မာဝါမြို့ရှိ ဈေးတစ်ဈေးအတွင်း လုံခြုံရေးဆောင်ရွက်နေသည့် ဒတ်ချ်တပ်ဖွဲ့ဝင်များအား ဩဂုတ် ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆာမာရာမြို့ကို အမေရိကန်စစ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်

ဘဂ္ဂဒက် ဩဂုတ် ၁၄

ဆွန်နီမြို့တော် ဆာမာရာကို ဩဂုတ် ၁၄ ရက် စောစောပိုင်းက အမေရိကန်စစ်လေယာဉ်များက သွားရောက်ဗုံးကြဲခဲ့ကြသည်။ အီရတ်ဆေးဘက်ဆိုင်ရာ အရာရှိများ အဆိုအရ လူအများအပြား သေဆုံးကြောင်းသိရပြီး အမေရိကန်စစ်ဘက်မှလာသော သတင်းအရ အီရတ်ခုခံရေးသမား ၅၀ သေဆုံးကြောင်း သိရသည်။

အသုံးပြု

ခုခံရေးသမားများ ခိုအောင်းရာနေရာများဟုဆိုသော နေရာများကို ပေါင် ၅၀၀အလေးချိန်ရှိ ဗုံးကြီးများ အသုံးပြုပြီး အမေရိကန်တို့က တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ ဆာမာရာမြို့မှာ ဘဂ္ဂဒက်မြို့ မြောက်ဘက် မိုင်၆၀ အကွာတွင်တည်ရှိ သည်။

ယခုပြုလုပ်သော စစ်ဆင်ရေးကို အမေရိကန်စစ်ဘက်က ကာဂျွန်ကြွက်ထောင်ချောက်သုံးဟု သညာပြုထားသည်။ ထိုစစ်ဆင်ရေးကြောင့် အီရတ်ခုခံရေးသမား ၅၀ သေဆုံးပြီး အပေါင်းပါတပ်ဖွဲ့များဘက်မှ အထိအခိုက်မရှိဟုဆိုသည်။

ပြောကြား

ဗုံးကြဲခံရသော အိမ်နှစ်လုံးမှာ အိမ်ရှင်များစွန့်ပစ်သွားခဲ့သော အိမ်နှစ်လုံးသာဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။ တိုက်ခိုက်မှုကြောင့် အီရတ်ကိုးဦးသေဆုံးပြီး အခြားလူ ၄၀ တို့ ဒဏ်ရာရရှိခဲ့သည်ဟု ဆာမာရာဆေးရုံမှ ဂျမဲလ်အလ်ကီလာနီက ပြောကြားသည်။

သိမ်းဆည်း

အထက်ဖော်ပြပါ စစ်ဆင်ရေးတွင် အမှတ်(၁) ခြေလျင်တပ်မမှ အမှတ်(၂)တပ်ရင်းကြီးမှ တပ်ဖွဲ့များ ပါဝင်တိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက်မှုအတွင်း မသင်္ကာဖွယ်ရာ လက်နက်ရောင်းဝယ်ရေးသမားသုံးဦးကို ဖမ်းဆီးခဲ့သည်ဟုဆိုသည်။ ထို့အပြင် လက်နက်များနှင့် ဗုံးပြုလုပ်ရာ၌ သုံးသောပစ္စည်းများကိုလည်း သိမ်းဆည်းခဲ့ကြသည်။ ဆာမာရာမြို့မှာ လွန်ခဲ့သော ၁၅ လကတည်းက အမေရိကန်နှင့်အပေါင်းပါတပ်များကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည်။

အင်တာနက်။

အီရတ်၌ ကန်တပ်ဖွဲ့များတိုက်ခိုက်မှု ဘာရိန်းနိုင်ငံ၌ ကန့်ကွက်ဆန္ဒပြ

မာနာမာ ဩဂုတ် ၁၅

အီရတ်နိုင်ငံတွင် ရှီးယိုက်တို့ အထွတ်အမြတ်ထားရာမြို့ကြီးများအား အမေရိကန်တို့ တိုက်ခိုက်မှုကို ကန့်ကွက်ရန် ဘာရိန်းနိုင်ငံ မာနာမာမြို့တော် လမ်းမများပေါ်တွင် ဘာသာရေးခေါင်းဆောင်များ၊ ပါလီမန်အမတ်များနှင့် နိုင်ငံရေးသမားများ ဦးဆောင်၍ လူတစ်သောင်းကျော်က ယမန်နေ့တွင် ချီတက်ဆန္ဒပြကြသည်။

ဟစ်ကြွေး

ယင်းချီတက်ဆန္ဒပြပွဲတွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးကြသည်။ အီရတ်နိုင်ငံ၌ ရန်လိုမှုများ ရပ်ဆိုင်းရန် တောင်းဆိုကြသည်။ တိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးရမှုများအတွက် အမေရိကန်ပြည်ထောင်စုတွင် တာဝန်ရှိသည်ဟု ပြောကြားကြသည်။

တောင်းဆို

ထို့အပြင် အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာသွားကြရန်နှင့် အီရတ်ပြည်သူများ၏ အနာဂတ်ရေးကို အီရတ်ပြည်သူတို့ကိုယ်တိုင် ဆုံးဖြတ်ခွင့်ပေးရန် ချီတက် ဆန္ဒပြသူများက တောင်းဆိုကြသည်။

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများ ကိုးရက်ကြာတိုက်ခိုက်ခဲ့ပြီးမှ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးရန်အတွက် ယမန်နေ့ကတိုက်ခိုက်မှု ရပ်ဆိုင်းခဲ့သည်။

အငြင်းပွား

လွန်ခဲ့သည့် သီတင်းပတ်က စတင်ခဲ့သည့် နာဂျက်ဖ်မြို့ တိုက်ပွဲတွင် ခုခံတိုက်ခိုက်ရေးသမား ရာနှင့်ချီ၍ သေဆုံးခဲ့သည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ သို့ရာတွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများကမူ ယင်းကိန်းဂဏန်းပမာဏကို စောဒကတက် အငြင်းပွားကြသည်။

တိုက်တွန်း

အီရတ်ပြည်သူများ ထိခိုက်နစ်နာမှု သက်သာစေရေးနှင့် နောက်ထပ်ပျက်စီးမှုလျော့နည်းစေရေးအတွက် ဧစ့်စပ်ဆွေးနွေးခြင်းဖြင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရန် ချီတက်ဆန္ဒပြသူများက အီရတ်နိုင်ငံရေးအုပ်စုများကို တိုက်တွန်းလိုက်သည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့လယ် ယာဉ်ရပ်နားစခန်း စိန်ပြောင်းထိမှန်

ဘဂ္ဂဒက် (အီရတ်) ဩဂုတ် ၁၅

ဘဂ္ဂဒက်မြို့လယ်ရှိ ဘတ်စ်ကားစခန်းအား တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက စိန်ပြောင်းထိမှန်ရာ လူတစ်ဦးထက်မနည်း သေဆုံးပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

သေဆုံးမှုနှင့် ပတ်သက်၍ ရရှိသော သတင်းများမှာ တစ်ခုနှင့်တစ်ခု ကွဲလွဲနေသည်။ အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိနေသော ရဲတပ်ဖွဲ့မှ ဗိုလ်ဖာဝက်ဇ်က လူ၁၀ ဦးသေဆုံးပြီး လူ ၁၅ ဦးခန့် ထိခိုက်ဒဏ်ရာရရှိကြောင်း ပြောကြားသည်။ ပြည်ထဲရေးဌာနမှပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အဗ္ဗဒူရာမန်က ယင်းတိုက်ခိုက်မှုကြောင့် လူတစ်ဦးသေဆုံးပြီး အခြားလူငါးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ပြောကြားသည်။ ဒီမိုကရေစီဆောင်ကြဉ်းနိုင်ရေးအတွက် အမျိုးသားကွန်ဖရင့် စတင်ကျင်းပပြီးနောက် နာရီပိုင်းအကြာ စိန်ပြောင်းကျည် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

စိန်ပြောင်းပစ်ခတ်မှုသည် ကွန်ဖရင့်ကျင်းပရာ အီရတ်အထူးတပ်ဖွဲ့ချထားသည့် အစိမ်းရောင်ဒေသအား ပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် မှားယွင်းပစ်ခတ်မှုကြောင့် ဘတ်စ်ကားစခန်းကို ထိမှန်ခဲ့ခြင်းဖြစ်သည်ဟု ဖောဝက်ဇ်က ပြောကြားသည်။ ဘတ်စ်ကားစခန်းမြေပြင်ပေါ်တွင် သွေးစွန်းနေသည့် မှန်ကွဲစများနှင့် ဗုံးဆန်အစအနများဖြင့် ပြန့်ကြဲနေလျက်ရှိသည်။ ထို့နောက် ပစ်ခတ်သံများ ယင်းဒေသမှ ထွက်ပေါ်လာသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ရှာဖွေစစ်ဆေးနေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့ဗုံးကြဲတိုက်ခိုက်၍ ဖော်လူဂျာတွင် အရပ်သားများသေဆုံး
အမေရိကန်တပ်ဖွဲ့မှ ချင်းနွတ်ရဟတ်ယာဉ်တစ်စင်းပျက်ကျ

ဖော်လူဂျာ ဩဂုတ် ၁၅

အမေရိကန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဖော်လူဂျာမြို့ အာမာရီယာအရပ်တွင် အရပ်သူ၊ အရပ်သား အများအပြားသေဆုံးခဲ့ရကြောင်း ကျန်းမာရေးဌာနဆိုင်ရာများမှ ရရှိသောသတင်းအရသိရကြောင်း အလ်ဂျာဇီယာသတင်းဌာနက ကြေညာခဲ့သည်။ တိုက်ခိုက်မှုများအတွင်း အမေရိကန်တို့၏ ချင်းနွတ်ရဟတ်ယာဉ်တစ်စီးလည်း ပျက်ကျသွားသည်ဟု ဆိုသည်။

အထက်ပါ သတင်းများနှင့် ပတ်သက်၍ အမေရိကန်စစ်ဘက်မှ အတည်ပြုချက် တစ်စုံတစ်ရာမရှိခဲ့ပေ။ ဖော်လူဂျာမြို့၏ အလ်အစ်ဘာရီအရပ်ကို အမေရိကန် ဂျက်တိုက်လေယာဉ်များက ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အရပ်သူ၊ အရပ်သား ငါးဦးသေဆုံးပြီး၊ ခြောက်ဦးဒဏ်ရာရရှိသွားသည်ဟု ဆေးရုံမှ အရာရှိများက ပြောကြားခဲ့ကြောင်းကို အလ်ဂျာဇီယာသတင်းတွင် ဖော်ပြခဲ့သည်။

ယခုစစ်ဆင်ရေးမှာ တိုက်စစ်အသွင်မဆောင်ကြောင်း၊ ခံစစ်အသွင်သာဆောင်ကြောင်း၊ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များကို လက်နက်ငယ်များ၊ လောင်ချာများနှင့် ပစ်ခတ်သဖြင့် တုံ့ပြန်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒုတိယဗိုလ်မှူးကြီးတီဖွိုဂျန်ဆင်က ပြောကြားခဲ့သည်။

တိုက်ခိုက်မှုမှာ နေ့လယ် ၁၁ နာရီခွဲခန့်တွင် စတင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ခြောက်ကြိမ်

ထိုတိုက်ခိုက်မှုတွင် လေကြောင်းအကူအညီရယူ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး လေကြောင်းမှ ထိုနေ့အတွင်း ခြောက်ကြိမ်တိတိ သွားရောက်တိုက်ခိုက်ခဲ့သည်။

ယခုအခါ စစ်ဆင်မှုမှာ ရပ်ဆိုင်းသွားပြီဖြစ်၏။ ကျွန်ုပ်တို့သည် ထိုကဲ့သို့သော တုံ့ပြန်မှုမျိုးကို လိုအပ်လျှင် လိုအပ်သလိုဆောင်ရွက်ကြသည်ဟု ဒုတိယဗိုလ်မှူးကြီးက ဆက်လက်ပြောကြားသည်။

ဖော်လူဂျာမြို့ အနောက်ဘက်တွင် အီရတ် ခုခံရေးသမားများနှင့် အမေရိကန် တိုက်ကင်းအဖွဲ့တို့အကြား အပြန်အလှန် ပစ်ခတ်သောတိုက်ပွဲဖြစ်ခဲ့သည်။

ထိုတိုက်ပွဲအကြားတွင် အီရတ်အရပ်သားနှစ်ဦး သေဆုံးခဲ့ရသည်ဟု သတင်းများကဆိုသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်မြို့ အစိမ်းရောင်ဇုန်တွင် စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲ

ဘဂ္ဂဒက် ဩဂုတ် ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အစိမ်းရောင်ဇုန်တွင် စိန်ပြောင်းကျည်များပေါက်ကွဲမှုကြောင့် အမျိုးသားကွန်ဖရင့်ကျင်းပနေသည့် အဆောက်အအုံတုန်ခါသွားပြီး ပေါက်ကွဲသံများမြည်ဟိန်းကာ ဘဂ္ဂဒက်မြို့ နေရာအနှံ့အပြားမှပင် ကြားနိုင်ကြောင်းဖြင့် အေအက်ဖ်ပီ သတင်းထောက်များက ထုတ်ဖော်ပြောကြားသည်။

အဆိုပါ စိန်ပြောင်းကျည်ဆန်သည် ဟိုင်ဖာလမ်းအနီး အာလဝီဒေသတွင် ကျရောက်ခဲ့ခြင်းဖြစ်ရာ လူနှစ်ဦးသေဆုံးပြီး၊ လူ ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးဌာနက တနင်္ဂနွေနေ့က ပြောကြားသည်။ ယင်းဒေသသည် အမျိုးသားကွန်ဖရင့်ကျင်းပနေမှုကြောင့် လုံခြုံရေးအစီအစဉ်အရ ညမထွက်ရ ထုတ်ပြန်ထားသည့် နေရာများထဲမှ တစ်ခုဖြစ်သည်။

သေဆုံး

ဘဂ္ဂဒက်မြို့တော်တစ်ဝန်း အခြားစိန်ပြောင်းဖြင့် ပစ်ခတ်မှုကြောင့် အခြားလူများ သေဆုံးခဲ့ရပြီး လူ ၂၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးဌာနက ပြောကြားသည်။ တနင်္ဂနွေနေ့က ကနဦးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် မကြာမီ ညီလာခံစည်းရုံးရေးမှူးများက ညီလာခံ တက်ရောက်သူများအား ညီလာခံအဆောက်အအုံ၏ တံခါးပေါက်များအနီး မနေကြရန် ဟစ်အော် ပြောကြားသည်။ အဆောက်အအုံအတွင်းရှိ အေအက်ဖ်ပီသတင်းဌာနမှ သတင်းထောက်များက ပေါက်ကွဲသံငါးကြိမ် သို့တည်းမဟုတ် ခြောက်ကြိမ်ကြားပြီး အခြေအနေမှာ တင်းမာနေသည်ဟု ပြောကြားကြသည်။

မီးခိုးလုံး

အီရတ်အစိုးရအဖွဲ့နှင့် အမေရိကန်သံရုံးတည်ရှိသည့်ဒေသကို အရံအတားများဖြင့် အထပ်ထပ်ကာရံထားသော အစိမ်းရောင်ဇုန်အတွင်းမှ မီးခိုးလုံးကြီးသုံးခု လေထဲသို့တက်သွားပုံကို တွေ့မြင်နိုင်သည်။ စိန်ပြောင်းကျည် အနည်းငယ် ဟိုင်ဖာလမ်းအား ပစ်ခတ်ခဲ့ကြောင်း၊ ယင်းလမ်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တွန်းလှန်တိုက်ခိုက်ရေးသမားများ ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်ဟု အခင်းဖြစ်ပွားရာ ရောက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ပစ်ခတ်မှုမှာ ကြိုကြားကြိုကြား ပစ်ခတ်မှုဖြစ်သော်လည်း ပုံမှန်ပစ်ခတ်နေမှုဖြစ်ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များက ကျန်းမာရေးဌာန အပြင်ဘက်တွင် ပေါက်ကွဲစရာပစ္စည်းတွေ့ရှိကြောင်း အဆိုပါ တပ်ဖွဲ့ဝင်က ပြောကြားသည်။

ပိတ်ဆို့

ဒါဇင်ဝက်ခန့်ရှိသော ဟမ်းဗီး မော်တော်ယာဉ်များနှင့် အမေရိကန်တပ်ဖွဲ့ဝင် ၂၀ ခန့်သည် ယင်းလမ်းအား ပိတ်ဆို့ထားလိုက်သဖြင့် လူသူကင်းမဲ့နေသည်ဟု အေအက်ဖ်ပီ သတင်းထောက်များက ပြောကြားသည်။

အင်တာနက်။

ဩဂုတ် ၁၃ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

သတင်းစာဆရာများ နာဂျက်ဖ်မြို့မှထွက်ခွာရန် အမိန့်ထုတ်ပြန်

ဘဂ္ဂဒက် ဩဂုတ် ၁၆

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ထိုးစစ်တစ်ရပ် ထပ်မံဆင်နွှဲနေသည့်အတွက် အဆိုပါမြို့မှထွက်ခွာသွားကြရန် သတင်းစာဆရာအားလုံးကို အီရတ်ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် သတိပေးချက်ထုတ်ပြန်ထားသည်။ သတင်းစာဆရာများ တည်းခိုသည့် နာဂျက်ဖ်မြို့ ဟိုတယ်တစ်ခု၏ ပတ်ပတ်လည်တွင် ရဲကားလေးစီးရပ်ထားပြီး နာဂျက်ဖ်မြို့ ရဲတပ်ဖွဲ့ အကြီးအကဲ ဂါလစ်အယ်-ဂျာရီက လက်မှတ်ရေးထိုးထားသည့် အမိန့်ကို သတင်းစာဆရာများအား ဖြန့်ဝေသည်။

အဆိုပါအမိန့်ကို မလိုက်နာသူများအား ပြစ်ဒဏ်ပေးမည်ဟု ဖော်ပြမထားသော်လည်း နာဂျက်ဖ်မြို့၌ ဆက်ရှိနေသည့် သတင်းထောက်များကို ဖမ်းဆီးမည်ဟု အမိန့်ကိုဖြန့်ဝေသည့် ရဲတပ်ဖွဲ့ဝင်များက ပြောကြားကြောင်း ဟိုတယ်ရှိ သတင်းစာဆရာများက ပြောကြားသည်။ မိမိတို့တွေ့ရှိရသည့် ကင်မရာများနှင့် ဆယ်လူလာဖုန်းများကိုလည်း သိမ်းဆည်းမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ ထုတ်ပြန်ထားသည့်အမိန့်ကို လိုက်နာသည့်အနေဖြင့် သတင်းစာဆရာ အများအပြားသည် နာဂျက်ဖ်မြို့မှ ထွက်ခွာသွားကြသည်။ ***အင်တာနက်။***

နာဂျက်ဖ်မြို့ ထိုးစစ်ကိုရင်ဆိုင်ရန် မာဒီတပ်များ အသင့်ပြင်ထား

နာဂျက်ဖ် ဩဂုတ် ၁၅

အယ်လ်ဂျာဇီယာသတင်းဌာနသည် အမေရိကန်များကို ဆန့်ကျင်ခုခံနေသူ ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူနှင့် သီးသန့်တွေ့ဆုံမေးမြန်းခန်းတစ်ခုပြုလုပ်ခဲ့ရာ၌ မာဒီတပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်မြို့တိုက်ပွဲအတွက် ပြင်ဆင်ထားကြကြောင်း တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းရေးကမ်းလှမ်းလာလျှင်လည်း လက်ခံဆွေးနွေးရန် အဆင်သင့်ရှိနေကြောင်း ပြောကြားသွားသည်ဟု အယ်ဂျာဇီးယားက ဖော်ပြလိုက်သည်။

အီရတ်ကြားဖြတ်အစိုးရက တစ်စုံတစ်ရာ ငြိမ်းချမ်းရေးစကား စတင်ကမ်းလှမ်းလာလျှင် ခေါင်းဆောင်အယ်ဆာဒါအနေဖြင့် ကြိုဆိုမည်ဖြစ်ကြောင်းကို အာမက် အယ်လ်ရှိဘာနီက အလေးအနက် ပြောကြားသွားသည်။

၎င်းပုဂ္ဂိုလ်သည် ခေါင်းဆောင် အယ်ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။

အသုံးအနှုန်း

အီရတ်ကြားဖြတ်အစိုးရကို ခေါ်ဝေါ်သုံးနှုန်းရာ၌ ရှီဘာနီက အမေရိကန်ကျူးကျော်သိမ်းပိုက်ရေး၏ ကိုယ်စားလှယ်ဟူသော အသုံးအနှုန်းကို သုံးစွဲခဲ့သည်ဟုဆိုသည်။

ထုတ်ပြန်

ကျွန်ုပ်တို့သည် အီရတ်ပြည်သူများ၏ ဂုဏ်ဒြပ်နှင့် သိက္ခာကို ထိန်းသိမ်းသောအားဖြင့် ယခုဖြစ်ပေါ်နေသော သွေးထွက်သံယိုမှုများကို အဆုံးသတ်လိုကြောင်း ရှီဘာနီက ပြောကြားခဲ့သည်ဟု အယ်ဂျာဇီယာက ထုတ်ပြန်ခဲ့သည်။

အီရတ် အမျိုးသားလုံခြုံရေးတပ်ဖွဲ့များ၏ ကူညီအားဖြည့်မှုဖြင့် မကြာမီအချိန်အတွင်းတွင် အမေရိကန် သိမ်းပိုက်ရေးတပ်ဖွဲ့များသည် နာဂျက်ဖ်မြို့ကို ထိုးစစ်ကြီးတစ်ရပ်ဆင်နွှဲတော့မည်ဖြစ်ကြောင်း အီရတ် ကြားဖြတ်အစိုးရ ပြည်ထဲရေးဝန်ကြီးက ကြေညာသွားသည်။

ကြိုဆိုမည်

ထိုကြေညာချက် ထွက်ပေါ်လာအပြီး နာရီအနည်းငယ်အကြာမှာပင် ရှီးယိုက်ခေါင်းဆောင်၏ ကိုယ်စားလှယ်က စစ်ပွဲအတွက် အသင့်ပြင်ထားသည့် အချိန်မှာပင် ငြိမ်းချမ်းရေးကမ်းလှမ်းလာလျှင်လည်း ကြိုဆိုမည်ဆိုသော စကားများကို ပြောကြားခြင်းဖြစ် ကြောင်းသိရသည်။

နာဂျက်ဖ်မြို့ တွင်း၌ရှိနေသော အီရတ်ရဲများက မြို့အတွင်း၌ ရောက်နေကြသော သတင်းအဖွဲ့သားများမြို့ကိုစွန့်ခွာကြရန် နှင်ထုတ်လျက်ရှိသည်။

ထိုအချက်က စစ်ဆင်မှုတိုက်ပွဲ စတင်တော့မည့် နိမိတ်လက္ခဏာတစ်ရပ်ပင်ဖြစ်သည်ဟု ဆိုသည်။ အထက်ပါအခြေအနေများ ဖြစ်ပေါ်နေသော်လည်း သတင်းသမားအချို့သည် မြို့တွင်းမှထွက်ခွာခြင်းမပြုဘဲ အဝိုင်းခံထားရသော နာဂျက်ဖ်မြို့တွင်း၌ပင် ဆက်လက်နေထိုင်လျက်ရှိသည်။

အလေးထား

ထိုအတောအတွင်း၌ပင် အမေရိကန်တပ်ဖွဲ့များဘက်ကလည်း ၎င်းတို့အနေဖြင့် ထိုမြို့ရှိ ဘာသာရေးအထင်ကရ အီမန် အလီဗလီကြီး၏ အထွတ်အမြတ်ရှိမှုကို မိမိတို့ လေးစားအလေးထားမည် ဖြစ်ကြောင်း ပြောကြားချက်များလည်း ထွက်ပေါ်လာသည်ဟုဆိုသည်။ ***အင်တာနက်။***

အမေရိကန်ဆန့်ကျင်

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ခုခံတိုက်ခိုက်ရေးခေါင်းဆောင် အယ်လ်ဆာဒါအား ထောက်ခံသူများက အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရောဝတီ–မဲခေါင် ညီအစ်ကိုနိုင်ငံများ၏ ချစ်ခင်သွေးစည်းမှု ခရီးစဉ်

ဦးဇော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ၉–၈–၂၀၀၄ ရက်နေ့မှ ၁၀–၈–၂၀၀၄ရက်နေ့အထိ တစ်ညအိပ်၊ နှစ်ရက်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

ချစ်ကြည်ရေးအဖွဲ့ဝင်များအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ် ဩဂုတ်၁၀ရက်တွင် Lao Plaza Hotel **ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ဌာနဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါခဲ့ကြသည်။

ရှေးဦးစွာ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့သို့သွားရောက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ နွန်ဒွတ်မင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ငုယင် ဗန်အန်တို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။ အမြင်ချင်းဖလှယ်ခဲ့သည်။ ချစ်ကြည်ရေးစကား၊ ရေရှည် အကျိုးရှိသည့်စကားများကို အပြန်အလှန် ဆိုခဲ့ကြသည်။

အလားတူပင် လာအိုနိုင်ငံ၌ရော၊ ကမ္ဘောဒီးယားနိုင်ငံ၌ပါ အပြေးအလွှား အချိန်လုကြရသည်။ ဟန္နိုင်းမြို့တော်၊ ဗီယန်ကျင်းမြို့တော်နှင့် ဖနောင်ပင်မြို့တော်တို့ ၏ တိုးတက်ပြောင်းလဲနေမှုများကို မော်တော်ယာဉ်များပေါ်မှပင် သွားရင်းဟန်လွှဲသာ ကြည့်ရှုလေ့လာခဲ့ရသည်။ သွားရမည့်ခရီးစဉ်က သုံးနိုင်ငံဖြစ်၍ တွေ့ဆုံဆွေးနွေးပွဲများ၌သာ အချိန်ပေးထားရသည်။

ဗီယက်နမ်နိုင်ငံ၌ နာရီပေါင်း ခြောက်နာရီကျော်ခန့်၊ လာအိုနိုင်ငံ၌ ညအိပ်ရပ်နားမှု အပါအဝင် ၁၆ နာရီခန့်၊ ကမ္ဘောဒီးယားနိုင်ငံ၌ ငါးနာရီခွဲခန့် စုစုပေါင်း ၂၈ နာရီခန့်သာ အချိန်ယူနိုင်သည့် သုံးနိုင်ငံချစ်ကြည်ရေးခရီးစဉ်ဖြစ်သည်။

သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံများကလည်း အဘက်ဘက်မှ လိုအပ်မှုမရှိရအောင်၊ ဧည့်ဝတ်ကျေအောင် ကြိုးစားထားကြသည်မှာ မျက်မြင်ဖြစ်၍ အထူးဆိုဖွယ်ရာမရှိ။ ညီအစ်ကိုနိုင်ငံများ ဖြစ်ကြ၍လည်း ယခုလို ဂရုစိုက်သည်ဟု ရင်ထဲမှာခံစားမိသည်။ ရောဝတီ–မဲခေါင်ချစ်ခင်သွေးစည်းမှုခရီးစဉ်သည်တိုတောင်းသော်လည်း အမှန်ပင် ထိရောက်အကျိုးဖြစ်ထွန်းသည့်ခရီးစဉ်ဖြစ်သည်။ ညီအစ်ကို နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် လက်တွဲပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများကို အားဖြည့်ပေးသော ခရီးစဉ်ဖြစ်သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ သမ္မတကြီးမစ္စတာခမ်တေးဆီဖန်ဒုံနှင့် လည်းကောင်း၊ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်လည်းကောင်း တွေ့ဆုံ၍ ရင်းနှီးခင်မင်နွေးထွေးစွာ အပြန်အလှန် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ရှိသည့်အခါ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ ထို့နောက် နိုင်ငံတော်အကြီးအကဲတာဝန်ခေတ္တယူထားရသည့် ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်တို့ကိုတွေ့ဆုံ၍ တန်ဖိုးရှိသည့် ချစ်ကြည်သွေးစည်းမှုစကားများကိုဆိုခဲ့သည်။ ဆွေးနွေးခဲ့ကြရာ၌ နှစ်နိုင်ငံချင်းနှင့်သက်ဆိုင်သည့် အကျိုးတူကိစ္စရပ်များအပြင် အာဆီယံအဖွဲ့အတွင်း သွေးစည်းညီညွတ်ရေးနှင့် ခိုင်မာတောင့်တင်းရေးဆိုင်ရာကိစ္စများ၊ နိုင်ငံတကာကိစ္စများကိုပါ အပြန်အလှန်ပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကြောင်းအရ လည်းကောင်း၊ ပြည်ပစွက်ဖက်မှုနှင့် ဖိအားပေးမှုများကို တွန်းလှန်

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန် ဗန် ခိုင် တို့ နှစ်နိုင်ငံ တွေ့ဆုံဆွေး နွေး မည့် အစည်းအဝေးခန်းမရှေ့၌ ရင်းနှီးခင်မင်စွာ မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

ဖယ်ရှားနေကြရသည့်ဘဝအတွေ့အကြုံအရလည်းကောင်း၊ ယဉ်ကျေးမှုနှင့် လူနေမှုအစဉ်အလာများအရလည်းကောင်း မြန်မာနိုင်ငံနှင့် ယင်းနိုင်ငံသုံးနိုင်ငံတို့သည် တူညီမှုရှိကြသည့် ဘဝတူနိုင်ငံများဖြစ်သည်။ ထို့ပြင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့သည် နောက်ပိုင်းမှသာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်လာခဲ့ကြသည့်အတွက် (CLMV) နိုင်ငံလေးနိုင်ငံအဖြစ် ပိုမိုရင်းနှီးသွေးစည်းကြသည်။ မဟာမဲခေါင်ဒေသခွဲ နိုင်ငံများဖြစ်၍လည်း ဖွံ့ဖြိုးမှုအတွက် အားသန်ကြသည်။ ရောဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၌လည်း ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် တက်ကြွစွာ ပါဝင်သည့် နိုင်ငံများဖြစ်သည်။ ကျန်ရှိနေသော ဗီယက်နမ်နိုင်ငံကိုလည်း ဖိတ်ခေါ်ကြိုဆိုလျက်ရှိသည်။

မိမိတို့ဒေသသည် တစ်ချိန်တစ်ခါက လက်နက်ကိုင်ပဋိပက္ခများကြောင့် ခေတ်နောက်ကျရမှု၊ နိုင်ငံရေး မတည်မငြိမ်ဖြစ်ရမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့ဖြင့် ပြည့်လျှမ်းနေခဲ့ရသည့်ဒေသဖြစ်ခဲ့ရာ ယင်းသမိုင်းအတိတ်ကြွေးကို မိမိတို့နိုင်ငံအလိုက် ပေးဆပ်နိုင်အောင်၊ ကြွယ်ဝတိုးတက်မှုရှိသော နိုင်ငံများဖြစ်လာအောင် မနားမနေ ကြိုးစားနေကြရသည့် ဘဝတူညီသော ညီအစ်ကိုနိုင်ငံများဖြစ်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က ဖနောင်ပင်မြို့ Raffles Hotel Le Royal **၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြု နေ့လယ်စာစားပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်နှစ်ဦး ခင်မင်ရင်းနှီးစွာတွေ့ဆုံကြစဉ်။** (သတင်းစဉ်)

မြန်မာနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ မူဝါဒလမ်းစဉ် (၇)ရပ်ကို မိမိတို့ အပြည့်အဝ ထောက်ခံသည်။ မြန်မာနိုင်ငံ၏ အခြေအနေ အရပ်ရပ်ကြောင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းကို တဖြည်းဖြည်းချင်း ဆောင်ရွက်သွားမှ ဖြစ်မြောက်မည်ဟု ယုံကြည်သည်။

ထို့ကြောင့်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ တွေ့ဆုံဆွေးနွေးကြသည့်အခါ၌ သံတမန် အသုံးအနှုန်းများကို ရှောင်လွှဲ၍ မရသော်လည်း တစ်ဦးနှင့်တစ်ဦး စိတ်ပါလက်ပါ ရိုးစင်းပွင့်လင်းစွာ ပြောကြားကြသည်။ ရင်းရင်းနှီးနှီး ဖက်လဲတကင်းရှိပြီး တစ်ဦးအပေါ်တစ်ဦး စာနာမှု၊ နားလည်မှု ရှိကြသည်။ ထို့ကြောင့်လည်း ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ခေါင်းဆောင်များ၏ ပြောကြားချက်များကို လိုရင်းကောက်နုတ်ကြည့်ပါက–

"တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊တစ်နိုင်ငံ၏ ကံကြမ္မာကိုသက်ဆိုင်ရာ ကာယကံရှင်နိုင်ငံကသာ ပြဋ္ဌာန်းပိုင်ခွင့်ရှိရေးကို မိမိတို့ တန်ဖိုးထား လိုက်နာသည်။"

"မြန်မာနိုင်ငံ၏ ကံကြမ္မာကို မြန်မာနိုင်ငံကသာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။"

"မြန်မာနိုင်ငံ၏ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ကြိုးစားဆောင်ရွက်နေမှုကို နားလည်ထောက်ခံသည်။"

"ဒီမိုကရေစီကို ဖော်ဆောင်ကြရာ၌ တစ်ပါတီစနစ်၊ ပါတီစုံစနစ်စသည်တို့အပေါ် အဓိကမတည်မှီဘဲ ပြည်သူများ၏ ဆန္ဒနှင့်သဘောထားများကို နားလည်ခံယူပြီး အထက်အောက်အပြန်အလှန် သွက်လက်မှန်ကန်စွာ ဆက်သွယ်ပူးပေါင်း၍ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှုအပေါ်သာ အဓိကတည်မှီသည်။"

"မြန်မာနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာမူဝါဒလမ်းစဉ် (၇)ရပ်ကိုမိမိတို့ အပြည့်အဝထောက်ခံသည်။ မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်ကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းကို တဖြည်းဖြည်းချင်း ဆောင်ရွက်သွားမှ ဖြစ်မြောက်မည်ဟု ယုံကြည်သည်။"

"အာရှ–ဥရောပ ထိပ်သီးအစည်းအဝေး၌ အာဆီယံနိုင်ငံများအကြား အဆင့်အတန်းခွဲခြားမှုမရှိ၊ အဖွဲ့ဝင်နိုင်ငံအားလုံး အဆင့်အတန်းတူ ပါဝင်နိုင်ရေးကို အခိုင်အမာ ရပ်တည်သည်။"

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်ခဲ့သည့် လေဆိပ်သစ်ကြီးများ

တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူရေးအတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ဖွင့်လှစ်ပေးခဲ့သည့် တာချီလိတ်လေဆိပ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–ကြေးမုံ)

ကမ္ဘာလှည့်ခရီးသည်များ ဆက်သွယ်သွားလာမှု လွယ်ကူ အဆင်ပြေစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် မန္တလေးတိုင်း ပုဂံညောင်ဦးလေဆိပ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–ကြေးမုံ)

မကွေးတိုင်း၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်တွင် ဖွင့်လှစ်ပေးခဲ့သော ဓေတ်မီဂျက်လေယာဉ်များ ဆင်းတက်နိုင်သည့် ကျောက်ထု လေယာဉ်ကွင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ–သတင်းစဉ်)

မန္တလေးတိုင်း၊ တံတားဦးမြို့နယ်တွင် ဖွင့်လှစ်ခဲ့သော မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံကြီးကို ဤသို့ ခံ့ညားစွာ တွေ့ရသည်။

(ဓာတ်ပုံ–ကြေးမုံ)

ဩဂုတ် ၁၇ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယသမ္မတနိုင်ငံ Federation of Indian Plywood & Panel Industry မှ ဥက္ကဋ္ဌ Mr. S.P. Goenka အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်း–ရွှေဖုံး) (သတင်းစဉ်)

အင်းမနယ်သူနယ်သားများ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်ရောက် အင်းမ နယ်သူ၊ နယ်သားများက စုပေါင်း၍ ရန်ကုန်မြို့သို့ အင်းမဒေသမှရောက်ရှိ သတင်းသုံးနေကြသော ဆရာတော်များအား ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်း အနောက်ဥယျာဉ်တိုက် သုခမကျောင်းတွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် အင်းမနယ်သူ၊ နယ်သားများ၏ သား၊ သမီးများမှ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများသည် ဖုန်း–၀၉၈၀၃၀၈၁၁၊ ၅၄၉၂၉၇ တို့သို့ ဩဂုတ် ၂၀ ရက် နောက်ဆုံးထားစာရင်းပေးသွင်းကြပါရန်နှင့် အခမ်းအနားသို့ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က–ပ)

➪ အမျိုးသားညီလာခံမှ

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၄ခုနှစ် မေ၁၇ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး သဘာပတိအဖွဲ့ လေ့လာတွေ့ရှိချက်များကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ စာတမ်းပြုစုတင်ပြနိုင်ရန် ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

☆ စာမျက်နှာ ၆ မှ

"နှစ်နိုင်ငံချင်း အစဉ်အလာချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်တည်ဆောက်ရင်း ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် အလေးထား ပူးပေါင်းဆောင်ရွက်မည်။"

"အာဆီယံအဖွဲ့ နိုင်မာစွာပေါင်းစည်း ဖြစ်ပေါ်ရေး ပူးပေါင်းလုပ်ကိုင်သွားမည်။"

ယင်းပြောကြားချက်များသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စကားလုံးအသုံးအနှုန်း ကွာဟမှုအနည်းနှင့်အများရှိသော်လည်း ဧရာဝတီ–မဲခေါင် လေးနိုင်ငံအကြား ချစ်ခင်သွေးစည်းမှုကို ထင်ရှားစွာပြဆိုလျက်ရှိသည်။ နှစ်နိုင်ငံအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်တန်းတူရည်တူ လေးစားမှု၊ အပြန်အလှန်ကူညီထောက်ခံမှုနှင့် ပူးပေါင်း ဆောင်ရွက်မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တို့၌ တက်ကြွစွာ ပါဝင်မှုစသည့် အရေးကြီးကိစ္စများကို ဖော်ညွှန်းလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကလည်း ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် သုံးနိုင်ငံစလုံး၌ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများ၊ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ၊အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ နိုင်ငံအလိုက် နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

"အာဆီယံနိုင်ငံများက ဒေသဆိုင်ရာနှင့် နိုင်ငံတကာ မျက်နှာစာ၌ မြန်မာနိုင်ငံအပေါ် နားလည်ထောက်ခံ အားပေးခဲ့ကြသည့်အတွက် တန်ဖိုးထားကျေးဇူးတင်ရှိကြောင်း။"

"နှစ်နိုင်ငံချင်းပူးပေါင်း၍ဖြစ်စေ၊ အာဆီယံအဖွဲ့ကြီး၏ မူဘောင်အတွင်းမှ ပူးပေါင်း၍ဖြစ်စေ၊ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ပိုမိုခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။"

"မိမိတို့နိုင်ငံများအကြား ကာလရှည်ကြာစွာ တည်ရှိပြီးသော ရင်းနှီးချစ်ကြည်မှု အစဉ်အလာကောင်းများကို ဆက်လက်သယ်ပိုးမြှင့်တင်သွားမည်ဖြစ်ကြောင်း။"

"အာဆီယံအဖွဲ့သို့ နောက်ပိုင်းမှသာ အဖွဲ့ဝင်များ ဖြစ်လာကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV)နိုင်ငံတို့သည် ဖွံ့ဖြိုးတိုးတက်မှုအပိုင်း၌ အဖွဲ့ဝင်နိုင်ငံဟောင်းများကို အမီလိုက်နိုင်ရန် ကြိုးစားရဦးမှာ ဖြစ်သကဲ့သို့ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အချင်းချင်း နီးနီးကပ်ကပ် ထိထိရောက်ရောက် ညှိနှိုင်းပူးပေါင်းလုပ်ကိုင် ဆောင်ရွက်သွားရန် အရေးကြီးကြောင်း။"

စသည်ဖြင့် နှစ်နိုင်ငံချင်းဆက်ဆံရေး (Bilateral Relation)ရော နိုင်ငံအများ အကျုံးဝင်သည့် ဆက်ဆံရေး (Multilateral Relation)ကိုပါ ပြည့်စုံစွာလွှမ်းခြုံ၍ ပြောကြားသည်။ အဓိပ္ပာယ်ရှိသော၊ အကျိုးဖြစ်ထွန်းသော ပြောကြားချက်များပင်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ ရောက်ရှိနေချိန်၌လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား မှုခင်းကာကွယ်ရေးနှင့် တိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီဟွန်အမ်းတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ နှစ်နိုင်ငံချင်းဆက်ဆံရေးကို တိုးမြှင့်လိုက်သည့် ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ဖြစ်သည်။

သုံးနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်းတွေ့ဆုံခဲ့ကြရသည့် ခေါင်းဆောင်အသီးသီးနှင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ထားရှိအပ်သည့် ချစ်ကြည်လေးစားမှုကိုလည်းကောင်း၊ ဖော်ရွေရင်းနှီးမှု၊ ပွင့်လင်းမှုနှင့် အကျိုးသက်ရောက်မှုရှိသော စကားများကိုလည်းကောင်း အပြည့်အဝထိရောက်စွာ ဖော်ညွှန်းပြဆိုနိုင်ခဲ့သည်။ မိမိတို့နိုင်ငံများအကြား နှစ်ပရိစ္ဆေဒ ရှည်ကြာစွာဖြစ်ထွန်းနေသည့် လက်ရှိချစ်ကြည်ရင်းနှီးမှုကို ထပ်လောင်းအားဖြည့်နိုင်ခဲ့သည်။

ဤသည်မှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့၏ သုံးနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည်။ **ဧရာဝတီ–မဲခေါင် ညီအစ်ကိုနိုင်ငံများဖြစ်၍ ပခုံးချင်းဖက် လက်ချင်းယှက်ကာ ချစ်ခင်သွေးစည်းမှုကို အစွမ်းကုန်ဖော်ထုတ်ပြနိုင်သည့် ခရီးစဉ် ဖြစ်ပါသတည်း။** ။

ခေတ္တရာလူငယ်များ သာရေး၊ နာရေး ကူညီပံ့ပိုးမှုအသင်းသို့ အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၇

ပဲခူးတိုင်း(အနောက်)ပြည်မြို့ခေတ္တရာ လူငယ်များ၏သာရေး၊ နာရေး ကူညီပံ့ပိုးမှုအသင်း အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက် ညနေ ၅ နာရီတွင် ပြည်မြို့ရှိ ထျန်ဟိုကုန်း ခန်းမ၌ ကျင်းပရာ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခေတ္တရာလူငယ်များအသင်း နာယက ဦးသန်းထွန်းဦးက အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာများကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးဝင်းမင်းက အသင်း၏ ငွေစာရင်းရှင်းတမ်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နာရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ငွေကျပ် သိန်း ၅၀တန်ဖိုးရှိ မော်တော်ယာဉ် အလှူရှင် အမှတ်(၁၁၇)ဗိုလ်ချုပ်လမ်း ပြည်မြို့မှ ဦးမောင်မောင်စိုးက မော်တော်ယာဉ်ဆိုင်ရာ စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းလွင်နှင့် အတွင်းရေးမှူး ဦးသိန်းမြင့်တို့က လက်ခံရယူကြသည်။

ဆက်လက်၍ ခေတ္တရာလူငယ်များ၏ သာရေး၊ နာရေး ကူညီပံ့ပိုးမှုအသင်းအတွက် ဒေါ်ငြိမ်းရွှေမိသားစုအမှတ်(၆၄၅)ပွဲစားလမ်းက ငွေကျပ်ငါးသိန်း၊ ဦးသန်းအောင်–ဒေါ်တင်တင်ဝင်း(ရွှေရခိုင်–ရောင်းဝယ်ရေး) ကမ်းနားလမ်းက ငွေကျပ်သုံးသိန်း၊ ဦးတင်ဦး–ဒေါ်ရင်ရင်သန်း(ရတနာ–ရောင်းဝယ်ရေး)က ငွေကျပ်သုံးသိန်း၊ ဦးထွန်းအေး–ဒေါ်ခင်စန်းရီ မိသားစု (ဆီစက်) ရွာဘဲရပ်က ငွေကျပ်နှစ်သိန်း၊ (ဦးအုန်းမောင်)–ဒေါ်သန်းစိန် ကျားပျံဆေးလိပ်တိုက်မိသားစု၊ ဦးဘဦး–ဒေါ်ခင်ရီ မိသားစု (ဘူးစိမ်းကြီး–လက်ဖက်ခြောက်)၊ ဦးမြင့်–ဒေါ်လှမြင့် မိသားစု(ကရဝိက်သင်္ကန်းတိုက်)၊ ဦးသက်မင်းဦး – ဒေါ်လဲ့လဲ့မြင့် (ဘူးစိမ်းကြီး – လက်ဖက်ခြောက်)၊ ဒေါက်တာဦးကျော်အေး–ဒေါ်သီသီလှိုင် (မေတ္တာမွန် မျက်စိအထူးကုဆေးခန်း)နဝင်းကွက်သစ်၊ဒေါက်တာသူရသီရိလတ် – ဒေါ်သင်းမွန်ခင် မိသားစုတို့က ငွေကျပ် တစ်သိန်းစီတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးထွန်းလတ်အောင်က ကျေးဇူးတင်စကား ပြန်လည် ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဩဂုတ် ၁၇ ရက်က ရန်ကုန်တိုင်းအတွင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ဗိုလ်တထောင်မြို့နယ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အောင်ကျော် ခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူများက "အာဟာရပြည့်မီ ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ" ခေါင်းစဉ်ဖြင့် ဖြေဆိုကြစဉ်။
(သတင်းစဉ်)



ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ရှိ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ရန်အတွက် အလှူတော်ငွေများ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ်ဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားသော မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်နှင့် မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားတော်ကိုးဆူတို့အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်၍ ကုသိုလ်ရှင်များ လာရောက်လှူဒါန်းနိုင်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

❒ **ကျေးရွာစာကြည့်တိုက်မှ**

ဂျာနယ်တိုက်များ၊ မဂ္ဂဇင်းတိုက်များနှင့် စာအုပ် စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ လူမှုရေးဦးတည်ချက်(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည်လည်း တစ်ချက်အပါအဝင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျန်းမာရေး၊ ပညာရေး လုပ်ငန်းများကို အဆင့်မြှင့်တင်တိုးချဲ့ ဆောင်ရွက်နေသကဲ့သို့ မိမိတို့ ဝန်ကြီးဌာနကလည်း တစ်နိုင်ငံလုံး နယ်စပ်ဒေသပါမကျန် သတင်းအချက်အလက်များ အချိန်မီရောက်ရှိပျံ့နှံ့ရေး၊ ပြန်ကြားရေးနှင့် သတင်းအချက်အလက်များ ပြည့်ပသို့ ထိုးဖောက်ရောက်ရှိရေးနှင့် သတင်းအချက်အလက်များ သွက်လက်ထက်မြက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

ပထမအဆင့်

ထိုသို့ ရည်မှန်းချက် ထားရှိဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ပထမအဆင့်အနေဖြင့် ကျေးရွာအုပ်စုပေါင်း ၁၃၄၇၈ အုပ်စုအနက် ယခုအချိန်ထိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ပြီး ကျေးရွာအုပ်စု ၄၉၆၂ အုပ်စုဖြစ်၍ ဖွင့်လှစ်ရန် ၈၅၁၆အုပ်စု ကျန်ရှိနေသေးကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းမှ ပံ့ပိုးဆောင်ရွက်ပေးမှု အပါအဝင် စေတနာရှင်များနှင့် ကျေးရွာပြည်သူလူထုတို့ကလည်း ပူးပေါင်းဆောင်ရွက်ပါက အမြန်အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

အလှမ်းမဝေး

ဝန်ကြီးဌာနအနေဖြင့် ၂၀၀၅–၂၀၀၆ခုနှစ်တွင် ကျေးရွာအုပ်စုအားလုံး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ ကျေးလက်နေပြည်သူများသည် စာပေနှင့် အလှမ်းမဝေးတော့ဘဲ နေ့စဉ်ထိတွေ့မှုရှိကာ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး အသိပညာများ တိုးတက်လာပြီး လူနေမှုဘဝ မြင့်မားလာမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း စာပေပညာရှင်များ၏ စာအုပ်စာပေများ နေရာအနှံ့ ရောက်ရှိကာ အကျိုးပြုမှုဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း များစွာအကျိုးဖြစ်ထွန်းလာနိုင်သဖြင့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ထွန်းလာရေးကို တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပံ့ပိုးကြပြီး အကြံဉာဏ်ပေး ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကျေးရွာတိုင်း၌ ဖွင့်လှစ်နိုင်ရေးအတွက်စီမံချက်ချမှတ်ဆောင်ရွက်နေမှု အခြေအနေနှင့် စာအုပ်စာတမ်းများ ဖြည့်ဆည်းပေးမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသော စာပေတိုက်များနှင့် စာပေဖြန့်ချိရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြသော လုပ်ငန်းရှင်များက စိတ်ပါဝင်စားစွာ အကြံပြု ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပုဂ္ဂလိကစာပေတိုက်များ၊ ဂျာနယ်တိုက်များနှင့်မဂ္ဂဇင်းတိုက်များက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြရာ မြန်မာစာအဖွဲ့ ဦးစီးဌာနက စာအုပ်စာစောင် ၃၂၇အုပ်၊ မင်္ဂလာရောင်ခြည် စာပေဖြန့်ချိရေးက စာအုပ်၁၁၀၀၊ ကောင်းသန့် စာပေက

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းထံ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုးကျေးရွာ စာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးတွင် အလှူရှင် ဆင်တောင်ကြီးစာပေက စာစောင် ၁၀၇၁စောင် ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာအုပ် ၆၇၁အုပ်၊ ဒေါက်တာတင်ထွန်းဦးက စာအုပ် ၂၀၀၊ ဆင်တောင်ကြီးစာပေက စာစောင် ၁၀၇၁ စောင်၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနက ဂျာနယ်အစောင် ၃၀၀၀၊ ဧဝကမဂ္ဂဇင်းတိုက်က စာအုပ် ၃၅၀၊ မိုးမြင့်စာပေက စာအုပ် ၂၃၅အုပ်၊ ဉာဏ်လင်းစာပေက စာအုပ် ၂၀၀၊ နှင်းဝေနေဝန်းစာပေက စာအုပ် ၂၅၀၊ တွတ်ပီစာအုပ်တိုက်က စာအုပ်မျိုးစုံ ၅၆အုပ်၊ မြတ်ပန်းရဂုံစာပေတိုက်က စာအုပ်၆၀၀၊ မြန်မာတိုင်းမ်(စ်)က အင်္ဂလိပ်၊ မြန်မာစာစောင် ၅၂၂၀၊ မဟောသီစာပေတိုက်က စာအုပ် ၂၀၀၊ ရွှေဟင်္သာနှင့် မင်းမဟာစာအုပ်တိုက်က စာအုပ်၂၀၀၊ သာလွန် စာအုပ်တိုက်က စာအုပ် ၁၀၀၊ မြန်မာ့အာမခံလုပ်ငန်းက မုဒိတာမဂ္ဂဇင်း ၁၀၀ စုစုပေါင်းစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်ပေါင်း ၁၄၁၈၀အုပ် တန်ဖိုးငွေကျပ် ၅၄၁၁၃၄၀ ဖိုးကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံယူသည်။

ဆက်လက်၍ ပညာအလင်းပြ စာအုပ်တိုက်မှ ဦးအုန်းမောင်(ရာမ)က ကိုယ့်အားကိုယ်ကိုးကျေးရွာ စာကြည့်တိုက်များ ထူထောင်ရန်အတွက် မ,တည်ရန်ပုံငွေကျပ် ကိုးသောင်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံယူသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် ဆွေးနွေးမှာကြားပြီး စာအုပ်၊ စာတမ်းများနှင့် မ,တည်အလှူငွေများ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေ ၃နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

❀ **မျိုးသုဉ်းလုဆဲမှ**

တတိယအကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများ၏ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ အာဆီယံ အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကျွမ်းကျင်သူပညာရှင်များ တက်ရောက်ကြသည်။

ဩဂုတ် ၁၇ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Wyoso Prodjowarsito နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အဆိုပါ အစည်းအဝေးကို ဩဂုတ် ၁၉ရက်အထိ သုံးရက်ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျွမ်းကျင်သူပညာရှင်များက အာဆီယံဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း မျိုးသုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ရေးနှင့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ပြဿနာရပ်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ကွန်ဗင်းရှင်း၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတို့အပြင် လာမည့် အောက်တိုဘာလ၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အဖွဲ့ဝင်နိုင်ငံ ၁၆၆နိုင်ငံ တက်ရောက်မည့် အစည်းအဝေးအတွက်အာဆီယံနိုင်ငံများ၏ သဘောထား တင်ပြရေးကိုပါ ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သည်။ (သတင်းစဉ်)

❖ **ပြည်နယ်/တိုင်းမှ**

အစည်းအဝေးတွင် သဘာပတိ အဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ၊သီရိသုဓမ္မ သိင်္ဂီ လူမှုထူးချွန် (ပထမဆင့်) ဒေါ်မိမိခင်က ၂၀၀၄ ခုနှစ် ပြည်နယ်နှင့်တိုင်း ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ (အမှတ်ပေး)လူသစ်တန်းနှင့် (ခ)အဆင့်တန်း ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အမှုဆောင်များက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းကိစ္စ၊ ပြိုင်ပွဲရက် သတ်မှတ်ရေးကိစ္စနှင့် အထွေထွေကိစ္စများကို ညှိနှိုင်းဆွေးနွေးကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ကျင်းပရန်လျာထား

၂၀၀၄ ခုနှစ် ပြည်နယ်နှင့်တိုင်း ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ (အမှတ်ပေး)လူသစ်တန်းနှင့် (ခ)အဆင့်တန်းပြိုင်ပွဲကို အောက်တိုဘာလ နောက်ဆုံးပတ်မှ နိုဝင်ဘာလ ပထမပတ်အတွင်း ကျင်းပရန် လျာထားပြီး အတန်းကိုးတန်း သတ်မှတ်ကျင်းပမည်ဖြစ်ရာ လိုက်ဖလိုင်းဝိတ်တန်း၊ ဖလိုင်းဝိတ်တန်း၊ ဘင်တန်ဝိတ်တန်း၊ ဖယ်သာဝိတ်တန်း၊ လိုက်ဝိတ်တန်း၊ လိုက်ဝယ်တာဝိတ်တန်း၊ ဝယ်လ်တာဝိတ်တန်း၊ လိုက်မစ်ဒယ်လ်ဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်းတို့ ပါဝင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် သဘာပတိ အဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ လူမှုထူးချွန်(ပထမဆင့်) ဒေါ်မိမိခင်က ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့(အမှတ်ပေး)လူသစ်တန်းနှင့် (ခ)အဆင့်တန်း ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (ဓာတ်ပုံ–အား/ကာ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အရေးပြိုင်ပွဲ
- ၈:၁၅ ၇။ ဗိုက္ကရဲရေထိန်းတံခါး
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
  – ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၄၅ ၈။ စက်မှုတပ်ဆင်လုပ်ငန်းတွင် (အကယ်ဒမီဇင်ဝိုင်း၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ–ဝင်းထွန်းထွန်း)
- ၅:၅၅ ၉။ မြန်မာစာ၊ မြန်မာစကား
- ၆:၁၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၂၀ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ တေးဂီတအစီအစဉ်
- ၇:၂၀ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၇:၃၀ ၁၆။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
  ၁၈။ နိုင်ငံတကာသတင်းများ
  ၁၉။ မိုးလေဝသအခြေအနေ
  ၂၀။ **ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ) "မဟာဇနကဇာတ်တော်ကြီး" (အထူးဆု) (မွန်ပြည်နယ်)**
  ၂၁။ နောက်တစ်နေ့အစီအစဉ်
  ၂၂။ အစီအစဉ်ပြီး၏။

✻ **စီးပွားရေးဦးပိုင်မှ**

ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများကို ရတနာကုန်သည်များက ဩဂုတ် ၁၈ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဆက်လက် ကြည့်ရှုလေ့လာကြမည်ဖြစ်ပြီး ဩဂုတ် ၁၉ရက် နံနက် ၉နာရီတွင် ကျောက်စိမ်းနှင့်ကျောက်မျက်အတွဲများကို BARGAIN စနစ်၊ AUCTION စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းမှ နိုင်ငံသားရတနာကုန်သည် ၆၈၈ ဦးနှင့် ပြည်ပမှ နိုင်ငံခြားသား ရတနာကုန်သည် ၁၂၂ဦး စုစုပေါင်း ရတနာကုန်သည် ၈၁၀ဦး ရောက်ရှိနေကြပြီး ခင်းကျင်းပြသထားသော ကျောက်မျက်နှင့်ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာနေကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ၂၀၀၄ ဒုတိယနေ့တွင် ရတနာကုန်သည်များက ခင်းကျင်းပြသထားသော ကျောက်မျက်နှင့် ကျောက်စိမ်းတွဲများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြားစီမံဆရာတော်များနှင့် သင်တန်းသား ရဟန်းတော်အပါး ၄၅၀တို့အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဇနီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၏ နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာ ဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ ဌာနအကြီးအကဲများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တစ်နေ့တာ ဆွမ်းအလှူတော်ငွေ ကျပ် ၃၀၀၀၀၀ ကို ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်ကလက်ခံပြီး**(ယာပုံ)** ဆရာတော် သံဃာတော်များထံမှ အနုမောဒနာ တရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ဆရာတော် သံဃာတော်များအား ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး ၊ ဌာနဆိုင်ရာ အကြီးအကဲများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

အာဆီယံတက္ကသိုလ်များအဖွဲ့အစည်းဝင် နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာကြစဉ်။ (ပညာရေး)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် အာဆီယံတက္ကသိုလ်များ ပညာရေးဆွေးနွေးပွဲ တက်ရောက်သူများအား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဩဂုတ် ၁၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ရန်ကုန်မြို့၌ ကျင်းပသော (၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်း ပညာရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ကြသူများအား ယမန်နေ့ည ၇နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်း Executive Director Prof. Dr. Supachai Yavaprabhas နှင့် အရာရှိများ၊ အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်းဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေ

ညစာသုံးဆောင်အပြီးတွင် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေမှုများကိုတင်ဆက်ရာ အထက (၂) စမ်းချောင်းမှ ကျောင်းသူများက "အပျိုတော်ယိမ်း"၊ အထက(၂) ကမာရွတ်မှ ကျောင်းသူများက "အောင်စေပိုင်စေ"၊ အထက(၁)ဒဂုံမှ ကျောင်းသား၊ ကျောင်းသူများက "ပဥ္စသိခ်"၊ အမက(၂) ကမာရွတ်မှ ကျောင်းသူများက "ပါးအို့နီလေးနဲ့ ဆီးလို့ကြိုမယ်"၊ အထက(၁)ဒဂုံနှင့် အထက(၅) ဗိုလ်တထောင်မှ ကျောင်းသား၊ ကျောင်းသူများက "စာခြောက်ရုပ်"၊ အထက(၂) စမ်းချောင်းမှ ကျောင်းသူများက "မိုးဇာဖြော"၊ အထက(၃)ဒဂုံမှ ကျောင်းသား၊ ကျောင်းသူများက "ကရင်ဒုံးယိမ်း"၊ အထက(၂) ကမာရွတ်မှ ကျောင်းသူများက "သကြံန်ယိမ်း"၊ အထက(၁)ဒဂုံမှ ကျောင်းသူနှစ်ဦးက ထိုင်းသီချင်း၊ အလက(၁)ဒဂုံမှ ကျောင်းသူနှစ်ဦးက ထိုင်းသီချင်း၊ ကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများက "မြနန္ဒာ"စသည့် အဆို၊ အတီး၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ဝန်ကြီး ဦးသန်းအောင်က ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး ညစာစားပွဲတက်ရောက်သူများ၊ ဖျော်ဖြေရေး အစီအစဉ်တွင် ပါဝင်ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ကျင်းပ

(၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာဆွေးနွေးပွဲကို ဒုတိယနေ့အဖြစ် ယနေ့နံနက်၉နာရီတွင် စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပရာ ဘရူနိုင်းနိုင်ငံ Universiti Brunei Darussalam မှ ကထိက Mr. Gabriel Yong၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ Universitas Indonesia မှ ကထိက Mr. Semiarto Aji Purwanto နှင့် မလေးရှားနိုင်ငံ Universiti Malaya မှ ကထိက Dr. Mala Rajo Sathian တို့က ပညာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး အာဆီယံတက္ကသိုလ်များအဖွဲ့အစည်းဝင် နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးအကြံပြုကြသည်။

အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်းဝင် နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်သို့ သွားရောက်လေ့လာကြသည်။

(သတင်းစဉ်)

မေတ္တာအခါတော်နေ့ မေတ္တာသုတ် ပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၁၇

မော်လမြိုင်မြို့ ဈေးချိုတောင်ဝိုင်း ဓမ္မရက္ခိတ မိုးကုတ်ရိပ်သာကြီးတွင် နှစ်စဉ်ကျင်းပသော (မေတ္တာအခါတော်နေ့) (၁၂)ကြိမ်မြောက် မေတ္တာသုတ် အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲကို (၁၃၆၆ခု ဝါခေါင်လဆန်း ၁၁ရက်) ဩဂုတ် ၂၆ ရက်၊ ကြာသပတေးနေ့မှ လပြည့်နေ့အထိ ပူဇော်သွားမည်ဖြစ်၍ လှူဒါန်းလိုသူများ အထက်ပါ ကျောင်းတိုက်တွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ရာသက်ပန် ငွေပဒေသာပင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သံနှင့်သံမဏိလုပ်ငန်း ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း သံနှင့် သံမဏိလုပ်ငန်းရှင်များအဖွဲ့နှင့် မလေးရှားနိုင်ငံ Malaysian Iron & Steel Industry Federation (MISIF)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်၉နာရီခွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပရာ မလေးရှားနိုင်ငံ ASEAN Iron & Steel Industry Federation (AISIF) နှင့် Malaysian Iron & Steel Federation (MISIF) ဥက္ကဋ္ဌ Mr. Dato Soong Siew Hoong ဦးဆောင်သော သံနှင့် သံမဏိလုပ်ငန်းရှင် လေးဦးတို့ တက်ရောက်ကြပြီး Mr. Dato' Soong Siew Hoong က မလေးရှားနိုင်ငံ ASEAN Iron & Steel Industry Federation (AISIF) နှင့် Malaysian Iron & Steel Industry Federation (MISIF)တို့အကြောင်းကို ရှင်းလင်းတင်ပြပြီး **(အောက်ပုံ)** တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဖခင် ဦးတင်မြင့်နှင့် မိခင် ဒေါ်တင်တင်ရီတို့အားရည်စူး၍ ကျန်ရစ်သူသားသမီးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင်တို့အတွက် အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ဩဂုတ် ၇ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဩဂုတ် ၁၇

ဒေါ်လေးလေးညွန့် (မြန်မာဂေါက်သီးရိုက်အသင်း၊ အလုပ်အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး) သည် ကစားဖော်များဖြစ်ကြသော ဦးမောင်မောင်လေး၊ ဦးကြည်ဝင်း၊ ဒေါက်တာဇော်ဝင်းတို့နှင့် အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Preset No(11) ဘောလုံးကို Houma Wood No(5) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၁ကိုက်အကွာအဝေးတွင်ရှိသော အမှတ်(၁၇)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၅ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Definitions of the Management Science (စီးပွားစီမံ)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မဆုတ်မနစ်" (အပိုင်း-၂)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ အဆိပ်မယ်နှင့်ငါးဒေဝီ" (အပိုင်း-၄)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဇီဝဒြပ်ထုစွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်သော ကိရိယာအသုံးပြု၍ ဆေးရွက်ကြီးအခြောက်ခံသော သရုပ်ပြစီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲအပြီးတွင် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်စဉ်။ (စွမ်းအင်)

ဆေးရွက်ကြီးအခြောက်ခံသော သရုပ်ပြစီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ဘင်းမ်စတက်(BIMSTEC)အဖွဲ့ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြစ်သည့် ဇီဝဒြပ်ထုစွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်သော ကိရိယာအသုံးပြု၍ ဆေးရွက်ကြီးအခြောက်ခံသော သရုပ်ပြစီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့ ပုဂံဟိုတယ်၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့်ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဖွင့်မိန့်ခွန်းပြောကြား

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်မိန့်ခွန်းပြောကြားပြီး အလုပ်ရုံ ဆွေးနွေးပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အလုပ်ရုံဆွေးနွေးပွဲ နံနက်ပိုင်း သဘာပတိအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် မွန်းလွဲပိုင်း သဘာပတိအဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်တို့က ဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အကျယ်တဝင့် ဆွေးနွေးကြသည်။

ယနေ့နံနက်ပိုင်းတွင် ဆွေးနွေးပွဲ တက်ရောက်သူ ကိုယ်စားလှယ်များသည် မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာ၌ ၂၀၀၄ခုနှစ် မတ်လအတွင်းက တည်ဆောက်တပ်ဆင်ခဲ့ပြီး လည်ပတ်အသုံးပြုလျက်ရှိသော BIOGASIFIER လည်ပတ်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပုဂံဟိုတယ်သို့ ပြန်လည်ရောက်ရှိကြပြီး ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များအပေါ် သုံးသပ်ညှိနှိုင်းကြသည်။ ရှေ့လုပ်ငန်းစဉ်များအနေဖြင့် ဇီဝဒြပ်ထုစွန့်ပစ်ပစ္စည်းမှ ထုတ်လုပ်ရရှိသော ဇီဝဓာတ်ငွေ့ကို လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ရေတင်စီမံကိန်းများတွင် အသုံးပြုနိုင်ရေး၊ BIOGASIFIER နည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဘင်းမ်စတက်နိုင်ငံများအတွင်း ပိုမိုကျယ်ပြန့်စွာ သုံးစွဲနိုင်ရေး၊ ဘင်းမ်စတက်နိုင်ငံများအတွင်း စွမ်းအင်ကဏ္ဍ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို အသေးစိတ်ဆွေးနွေးကြသည်။

ဘင်းမ်စတက်ကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်အရ ဤအလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။ (သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ရှေ့နေချုပ်ရုံးရှိ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများအား အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများ၊ အဖွဲ့ဝင် ဒေါ်ထူးရော်၊ ဒေါ်ကြူကြူနှင့် ဒေါက်တာဒေါ်စန်းရွှေ၊ ဥပဒေရေးရာ လေ့လာအကြံပြုရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ရှေ့နေချုပ် ဦးအေးမောင်၏ ဇနီး ဒေါ်ခင်မြမြ၊ ဒုတိယရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်၏ဇနီး ဒေါ်ရီရီဝင်း၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၏ဇနီး ဒေါ်တင်ငွေးလှိုင်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်သိန်း၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း ဥပဒေအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ခရိုင်ဥပဒေအရာရှိများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ် ဥပဒေအရာရှိများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏မိသားစုများ တက်ရောက်ကြသည်။

ဆန္ဒအလျောက်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နောက်ခံသမိုင်း၊ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစီမံချက် ၁၆ရပ်တို့ကို ရှင်းလင်းဟောပြောပြီး အဖွဲ့ဝင်အဖြစ် မိမိသဘောဆန္ဒအလျောက် ပါဝင်နိုင်ကြောင်း၊ အမျိုးသမီး ဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ ဆောင်ပုဒ်နှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဥပဒေရေးရာ လေ့လာအကြံပြုရေး လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်မြမြက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ရှေ့နေချုပ်ရုံးက လှူဒါန်းသည့် ငွေကျပ်တစ်သိန်းနှင့်လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ရန်ကုန် ဩဂုတ် ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၀၄ခုနှစ် ပထမနှင့်ဒုတိယ လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမဆောင်၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း၊ တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်း စီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံ အင်ဂျင်နီယာများ တက်ရောက်ကြပြီး ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများက မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆောက်လုပ်မှု စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အောင်ဝင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Hyosung Singapore Pte., Ltd. နှင့် မြန်မာနိုင်ငံရှိ Myanmar Hyosung Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ H.S Yoon သည် ယမန်နေ့ ညနေ ၅နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအဖွဲ့မှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ဘက်မလိုက်ညီလာခံတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိကနိုင်ငံ ဒါဘင်မြို့၌ ဩဂုတ်၁၇ရက်မှ ၂၀ရက်အထိ ကျင်းပမည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၄)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဒုတိယအကြိမ် အာရှ-အာဖရိက ဒေသခွဲဆိုင်ရာ အဖွဲ့အစည်းများ ညီလာခံသို့ တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးအား နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။ အဆိုပါအစည်းအဝေးသို့ ဒုတိယ ဝန်ကြီး ဦးခင်မောင်ဝင်းနှင့်အတူ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအဖြစ် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအုန်းသွင်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ကောင်စစ် ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ ပရီတိုးရီးယားမြို့ မြန်မာသံရုံးမှ သံမှူးကြီး ဦးလှမြင့်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်တို့လည်း ပါဝင်တက်ရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ (ခုတင်-၃၀၀)ရှိ မွေးကင်းစမှ တစ်နှစ်အထိ ကလေးများအတွက် ရန်ကုန်မြို့ရှိ (MO ASIA Co., Ltd,-DUMEX) မှ ငွေကျပ် ၂၅၀၀၀၀တန်ဖိုးရှိ နို့မှုန့်ဘူးများ လှူဒါန်းရာ တပ်မှူးပါမောက္ခ ဒုတိယဗိုလ်မှူးကြီးကျော်ညွန့် လက်ခံယူစဉ်။ (ထပဆ)

တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)သို့ နို့မှုန့်ဘူးများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားလျက် တပ်မတော်သားဖွား မီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)ရှိ မွေးကင်းစမှ တစ်နှစ်အထိ ကလေးငယ်များအတွက် ရန်ကုန်မြို့ ပြည်လမ်းရှိ MO ASIA Co., Ltd - DUMEX မှ နို့မှုန့်ဘူးများလှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် အဆိုပါဆေးရုံဧည့်ခန်းမ၌ ကျင်းပရာ MO ASIA Co., Ltd မှ ဒေါက်တာဖြူတီက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ နို့မှုန့်ဘူးများကို ပေးအပ်လှူဒါန်းရာ တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်-၃၀၀)တပ်မှူး ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်က လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

တောင်ကြီးခရိုင် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲနှင့် လက်တွန်းထွန်စက် စွမ်းရည်ပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ခရိုင်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲနှင့် လက်တွန်းထွန်စက် စွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တောင်ကြီးမြို့နယ် တီလောကျေးရွာ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဒေသတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဝမ်းစာဖူလုံရေးတို့အတွက် စပါးစိုက်ပျိုးရေးလုပ်ငန်းများကို သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်ရေး၊ တစ်ဧကအထွက်နှုန်းကောင်းမွန်ရေးတို့အတွက် စိုက်ပျိုးနည်းဆိုင်ရာ နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျ စိုက်ပျိုးရေးတို့အပြင် ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းမည့် သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးရေး၊ ဒေသတွင်း အထွက်နှုန်း ကောင်းမွန်သည့် ရွှေရင်အေးနှင့် ဆင်းရွှေဝါ စပါးမျိုးများကိုလည်း ခေတ်မီနည်းစနစ်များအသုံးပြု တိုးချဲ့စိုက်ပျိုးရေး၊ ဝန်ထမ်းများအနေဖြင့် ဒေသခံ တောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များကို အချိန်မီ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းအမှာစကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်နှင့် တောင်ကြီးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲများ ယှဉ်ပြိုင်မှုကို လှည့်လည်ကြည့်ရှုအားပေး၍ စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပေးသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချ ပြိုင်ပွဲနှင့် လယ်ယာ-၁၆ လက်တွန်းထွန်စက် စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိကြသည့် အသင်းများ၊ အကောင်းဆုံးမြို့နယ်ဆုရမြို့နယ်များ၊ အားပေးမှုအကောင်းဆုံးဆုရ အဖွဲ့များ၊ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်စိုက်ပျိုးရေးလုပ်ငန်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများသည် စက်မှုလယ်ယာဦးစီးဌာနမှ ပြသထားသော လယ်ယာသုံးစက်ကိရိယာပြခန်း၊ တောင်ကြီးခရိုင်စိုက်ပျိုးရေး ပညာပေးပြခန်းနှင့် ပြန်ကြားရေးဌာနပြခန်း၊ အီးအမ်ဘိုကာရှီ မြေဩဇာ လက်တွေ့သရုပ်ပြဆောင်ရွက်ထားရှိမှု ပြကွက်နှင့် အေးသာယာ စက်မှုဇုန်မှ ထုတ်လုပ်သည့် လယ်ယာသုံး စက်ကိရိယာပြခန်းတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲနှင့် လယ်ယာ-၁၆ လက်တွန်းထွန်စက် စွမ်းရည်ပြိုင်ပွဲတို့တွင် တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ (သတင်းစဉ်)

အာဆီယံ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

အာဆီယံ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ပဌမအကြိမ် အစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသားအက်ဖ်တာယူနစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

ညှိနှိုင်းအစည်းအဝေးတွင် အာဆီယံ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အဖွင့်အမှာစကား ပြောကြားပြီး စတုတ္ထအကြိမ် လုပ်ငန်းကော်မတီ အစည်းအဝေး မှတ်တမ်းအား အတည်ပြုခြင်းနှင့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်မှု အခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင့်သွင်က ရှင်းလင်းတင်ပြပြီး အတည်ပြုချက် ရယူသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ရှင်းလင်းဆွေးနွေးပြီး အခြားစီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဆပ်ကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ၊ ငါးလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီ၊ လယ်ယာအခြေခံ ပစ္စည်းဆိုင်ရာ ဆပ်ကော်မတီ၊ ကုန်စည်ရောင်းဝယ်ရေးဆိုင်ရာ ဆပ်ကော်မတီ၊ ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ ဆပ်ကော်မတီနှင့် စက်မှုဆိုင်ရာ ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက နိဂုံးချုပ် အမှာစကား ပြောကြားကာ ညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နန်းမြင့်မျှော်စင် တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၇

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဩဂုတ် ၁၅ ရက်တွင် မကွေးမြို့ မဟာဝိသုဒ္ဓါရာမကျောင်းတိုက် သိမ်တော်ကြီး တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ မကွေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရှင်ဇောတိပါလအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် ရေနံချောင်းမြို့သို့ ရောက်ရှိ၍ အော်တိုအိတ်ချိန်းနှင့် စက်မှုဇုန်အိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ချောက်မြို့သို့ သွားရောက်ပြီး အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကာ အော်တိုအိတ်ချိန်း အဆင့်မြှင့်ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပုဂံ-ညောင်ဦးမြို့သို့ရောက်ရှိပြီး နန်းမြင့်မျှော်စင်နှင့် ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် မြင်းခြံမြို့သို့ ရောက်ရှိ၍ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးပြီး မြင်းခြံမြို့နှင့် တောင်သာမြို့၊ နွားထိုးကြီးမြို့နှင့် မိတ္ထီလာခရိုင်၊ မလှိုင်မြို့တို့တွင် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ရေး မှာကြားသည်။

မှာကြား

ဝန်ကြီးသည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန် အော်တိုအိတ်ချိန်းနှင့် မိုဘိုင်းဆက်သွယ်ရေးစခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ပြည်သူ့ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး (Human Resource Development for Public Health) အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဆေးပညာသင်ကြားရေးစွမ်းအားစု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးကိုကိုနှင့် အဖွဲ့ဝင်များ၊ ပါမောက္ခဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆောင်ရွက်

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကား ပြောကြားရာ၌ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲတမ်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လူအင်အား အခြေအနေအရ အထိုက်အလျောက် အားနည်းမှုရှိသော်လည်း လူအင်အားနှင့်အညီ အချိုးကျ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တိုင်းပြည်၏ အခြေခံကျန်းမာရေး အဆောက်အအုံသည် မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်း၏ ကျန်းမာရေး အခြေခံအဆောက်အအုံပေါ် မူတည်ကြောင်း၊ နိုင်ငံတကာနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းအဆင့်အတန်း မီနေစေရန် ပြည်သူ့ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆောင်ရွက်သည့်စနစ် ထားရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးတွင် ပညာရှင်များက ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်က ကျန်းမာရေးဦးစီးဌာန၏ ပြည်သူ့ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လက်ရှိ ဆောင်ရွက်ထားမှု အခြေအနေနှင့် ညှိနှိုင်းဆွေးနွေးထားရှိသည့် လိုအပ်ချက် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်း

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်ဆည်းရှင်းလင်းဆွေးနွေးသည်။ (သတင်းစဉ်)

ဝါတွင်း ဥပုသ်နေ့တိုင်း တရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၇

မှော်ဘီမြို့ မြို့မ(၂)ရပ်ကွက် ထန်းတပင်လမ်း ဇမ္ဗူထိပ် မဟာအတုလကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဝိသာရဒ(အစိုးရဓမ္မာစရိယ)သည် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ပဋိစ္စသမုပ္ပာဒ်သင်တန်းနှင့် သစ္စာလေးပါးတရားတော်များကို ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ကျောင်းတိုက်ဓမ္မာရုံကြီးတွင် ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

※ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။

※ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပထမအကြိမ် စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်ခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အမျိုးသားတံခွန်စိုက်ဒိုင်းဆုရ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်အသင်းအား ဒိုင်းဆုချီးမြှင့်စဉ်။ (ဘဏ္ဍာ/အခွန်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဌာနပေါင်းစုံ စားပွဲတင် တင်းနစ်ဗိုလ်လု

ရန်ကုန် ဩဂုတ် ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပထမအကြိမ် ဌာနပေါင်းစုံ စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲအဖြစ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲအဖြစ် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းတို့မှ အားကစားသမားများ ယှဉ်ပြိုင်ကစားကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီး တစ်ဦးချင်းနှင့် အမျိုးသားနှစ်ယောက်တွဲ၊အမျိုးသမီး နှစ်ယောက်တွဲ၊ အမျိုးသား–အမျိုးသမီး အတွဲလိုက်ပြိုင်ပွဲဆုများကို ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် ဇနီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ဇနီး၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြသန်းနှင့် ဇနီး၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့် ဇနီးတို့က ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသား တံခွန်စိုက်ဒိုင်းဆုရရှိသော မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်အသင်းအား ဝန်ကြီး ဗိုလ်ချုပ် လှထွန်းကလည်းကောင်း၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရရှိသော မြန်မာ့စီးပွားရေးဘဏ်အသင်းအား ဝန်ကြီး၏ ဇနီးကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်သည်။ (သတင်းစဉ်)

စက်မှုလက်မှုသိပ္ပံ(ချောက်) အင်ဂျင်နီယာမိသားစု၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၅ရက်က ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အဘိဓမ္မရတနာဃရ ဓမ္မဗိမာန်တော်၌ ကျင်းပရာ မင်္ဂလာဒုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိနယစာရအမှူးပြုသော ပင့်သံဃာတော်များအား ဆရာကြီးဦးအောင်ဝင်းနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်းစီစဉ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းတွင် သဃ်္ဃန်းကျွန်းမြို့နယ်၌ ပြုလုပ်သည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်နှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် သဃ်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သဃ်္ဃန်းကျွန်းမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာ တင်မောင်ဝင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလွင်လွင်နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လှမြင့်တို့က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၌ သွေးလွန်တုပ်ကွေးရောဂါ နှစ်အလိုက်၊ လအလိုက်ဖြစ်ပွားမှု၊ အပတ်စဉ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ယနေ့ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယမြို့တော်ဝန်တို့က လိုအပ်ချက်များကို ဖြည့်စွက်မှာကြားကြသည်။

ရှင်းရှင်းနီးနီး

ထို့နောက် မြို့တော်ဝန်၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ် ရပ်ကွက် ဘုရင့်နောင်လမ်း၌ မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ကျန်းမာရေးဌာနနှင့် မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတို့မှ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် ကျင့်သုံးရေး ပညာပေးသရုပ်ပြသခြင်း၊ ရေနုတ်မြောင်းများ ဖော်ယူရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်းနှင့် ရေတွင်းရေကန်များအတွင်း ABATE ဆေးခတ်ခြင်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြပြီး ရပ်ကွက် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင်လမ်း အောင်ဩဘာလမ်းသွယ်၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။ (၁၉)

သက်ကြီးရုပ်ရှင်ပညာသည်များအား ဂါရဝပြုအလှူငွေများပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သက်ကြီး ရုပ်ရှင်ပညာရှင်များအား မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးအသင်း နာယက ဦးစံတင်အောင် (ရွှေဘို)က ဂါရဝပြု အလှူငွေများ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ရက်နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝဏ္ဏပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးအသင်း နာယကနှင့် တာဝန်ရှိသူများ၊ သက်ကြီး ရုပ်ရှင်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုငွေပေးအပ်

ရှေးဦးစွာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးအသင်း နာယက ဦးစံတင်အောင်(ရွှေဘို)က သက်ကြီး ရုပ်ရှင်ပညာရှင်ကြီးများ တစ်ဦးချင်းစီသို့ ဂါရဝပြု ဂုဏ်ပြုလွှာနှင့် ငွေများ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ် ငါးသောင်းကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က လက်ခံယူသည်။

ထို့နောက် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးအသင်း၌ အသုံးပြုရန်အတွက် ဗီဒီယိုတိပ်ခွေများကို နာယက ဦးစံတင်အောင်(ရွှေဘို)က ဆက်လက်ပေးအပ်ရာ ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်တို့က လက်ခံယူသည်။ (သတင်းစဉ်)

သာကေတမြို့နယ် အမက(၁၁)တွင် ဩဂုတ် ၁၆ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းညွန့်နှင့် အလှူရှင် ဦးသန်းလှိုင်–ဒေါ်နွဲ့နွဲ့ဝင်းတို့၏သမီး သူငယ်တန်း(ခ)မှ မဇင်ဇင်ထက် မိသားစုတို့က ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးလှူဒါန်းစဉ်။

(က–ပ)

ပေးအပ်လှူဒါန်း

ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်–၃၈နေ ဦးအေးမင်း အကောက်ခွန်(ငြိမ်း) မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်သို့ ဩဂုတ် ၇ရက်ကပေးအပ်လှူဒါန်းစဉ်။(က–ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၇–၈–၂၀၀၄)

ပူတာအို

၃ ဒသမ ၆၆ လက်မ

သံတွဲ

၃ ဒသမ ၅၈ လက်မ

ဘားအံ

၂ ဒသမ ၉၅ လက်မ

သထုံ

၂ ဒသမ ၄၄ လက်မ

ဝါတွင်းကာလအတွက် ဗုဒ္ဓဘာသာဝင်သူတော်စင်တိုင်း၏အိမ်တွင် မရှိမဖြစ် နာယူမှတ်သားနိုင်ကြပါစေရန်။ အစစ်အမှန် VCD တစ်ချပ် ၁၀၀၀/-ကျပ်
ကိုးအွဲ့ရကျိုက်ထိုဆာရာတော် အရှင်နန္ဒာဘာသာဘိဝံသ ဟောကြားအပ်သော
"ကျိုက်ထီးရိုးဘုရားသမိုင်း" ဗီစီဒီတရားတော်
ဒါရိုက်တာစိန်လင်း (ပုံရိပ်ရွှေမြေ) မူပိုင်-ကိုဝင်းသန်း ဖြန့်ချိရေး- ချိုကြည်သာ ဗီဒီယို
တဆင့်ပြန်လည်ဖြန့်ချိရောင်းချလိုသူများအတွက် အထူးနှုန်းဖြင့်ပေးပါမည်။

(၃၃)နှစ်မြောက် ရက်မြတ်မင်္ဂလာဆုမွန်လွှာ

ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ဆုထူးပန်၊ ရွှေပြည်သာ၊ ရွှေရတနာ ရုပ်ရှင်ရုံများပိုင်ရှင် ချစ်ဖေဖေ **ဦးသန်းထွင့်**နှင့် ချစ်မေမေ ဒါရိုက်တာ သုံးထပ်ဆင့် အကယ်ဒမီ **ဒေါ်ဝါဝါဝင်းရွှေ**တို့၏ သစ္စာမဏ္ဍိုင်ခိုင်ခိုင်မြဲမြဲ (၃၃)နှစ်တိုင်တိုင် ရွှေလက်တွဲခဲ့ကြသည့် ရက်မြတ်မင်္ဂလာမှသည် ပတ္တမြားရတု၊ စိန်ရတုတိုင်အောင် ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ နိုင်ငံအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ချစ်သားကြီး – ဝင်းထွင့်ဝင်း–ချစ်သမီး–ဟေနွယ်ဦး
ချစ်သားငယ် – ဝါဇင်(ခ)သားထူး
ချစ်မြေးများ – ဝါရွှေနွယ်သွေးဝင်း၊ ဝင်းဝါပန်းမြတ်သူ။

ဧည့်ခံကြောင်းလမ်းပြီးစီးခြင်း

ဦးထွန်းကြည်(ဒုတိယမန်နေဂျင်းဒါရိုက်တာ၊မြဝတီဘဏ်လီမိတက်၊ရန်ကုန်)–ဒေါ်တင်ဦးတို့၏ တူသား၊
ဦးမျိုးနိုင် (Electrical Engineer, Jurong Shipyard S'pore Pte,Ltd.)–ဒေါ်ခင်မြင့်ကြည်တို့၏ သားထွေး

မောင်ကျော်ထွန်း (Dip in Telecom TP)
Technical Specialist, Hewlett S'pore Pte.Ltd. နှင့်
ဦးလှထွန်း (Chemical Engineer, Chemical Industries Far East Ltd., S'pore)–ဒေါ်ဆွေဆွေသန်းတို့၏ သမီးကြီး
မဖြိုးသက်ဝေ (Dip in Electrical Engineering, SP)
Customer Care Executive,
Informatic Computer School Singapore.

တို့သည် ၂၇–၆–၂၀၀၄ရက်၌ Yunnan Garden Restaurant, Singapore တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ ဧည့်ခံကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ကျော်ထွန်း–မဖြိုးသက်ဝေ။



Singapore Scholarship Programme
AIT Academy Unicampus, S'pore ကျောင်းအ ကြောင်းနှင့် Scholarship အခွင့်အရေးများကို ဟောပြောမည် ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများအောက်ပါအစီအစဉ်အတိုင်းတက်ရောက်နိုင်ပါသည်
Free
Grand Plaza Parkroyal Hotel
22 August 2004 (9:00 am - 11:00 am)
12-01, Olympic Tower, BoAungKyaw St , Ph: 243161, 256602

ရောင်းမည်

ရုပ်ရှင်/ဗီဒီယို တည်းဖြတ်စက် (လုပ်ငန်းတစ်ခုလုံးစာ) အစုလိုက် လျှော့ဈေးဖြင့်ရောင်းမည်။ ကား(သို့)တိုက်ခန်းနှင့်လဲမည်။

ဖုန်း–၀၁–၂၄၈၁၇၉။

ခရုသင်း(သမင်ဖြူ)
LEUCODERMA

❖ EIGHT YEARS ANNIVERSARY ❖
50% Discount
From 20th August To 26th August 2004
Fuji Coffee House & Restaurant
အမှတ် ၁၁၆၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်။
☎ : 535371



ဆေးပင်
အကြောအားတိုးဆေး

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၂လမ်း၊ အမှတ်–၁၆ (ပထမထပ်)တွင် နေထိုင်သူ စိုင်းစံမြင့်နှင့် ဒေါ်ဝင်းကလျာတို့ သိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ အမှတ်၂၃၀–Bတွင်နေထိုင်သူ ဒေါ်ခင်မာလွင်နှင့် ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်–၁၀၈(4-A)တွင်နေသူ ဒေါ်ထွန်းသီရိတို့ထံမှ စိုင်းစံမြင့်နှင့် ဒေါ်ဝင်းကလျာတို့ ဇနီးမောင်နှံ လက်ခံရယူသွားခဲ့သော ငွေများကို ကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက် အတွင်း ဒေါ်ခင်မာလွင်နှင့် ဒေါ်ထွန်းသီရိတို့ထံ အမြန်ဆုံးပြန်လည်ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဌေးလွင်(ထားဝယ်)၊ ဒေါ်မိုးမိုးခိုင်
တရားရုံးချုပ်ရှေ့နေများ
အမှတ်–၇၊ အခန်း–E၊ ၃၄–လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၂၅၄၈၅၇၊ ၂၅၀၉၂၇၊ ၃၈၃၉၇၃။

မြန်တောင်း တိုင်းရင်းဆေးကုခန်း

အမည်ပြောင်းခြင်း

မစောစန္ဒာမြင့် [၉/ညဥန(နိုင်) ၀၀၃၅၄၆]အား မစောသီဂီအောင် ဟုလည်းကောင်း၊ ကိုမျိုးမင်းဦး [၉/ညဥန (နိုင်) ၁၁၃၈၆၇]အား ကိုမင်းကျော်နိုင်ဟုလည်းကောင်း၊ မသဲမဋ္ဌုမြင့် [၉/ညဥန(နိုင်) ၁၁၂၇၄၆)အား မသန်းသန်းသိန်း ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

Beauty Max

ရွှေမန်းမြောင်
ချွေးထုတ်ငန်းဆေး

ဆိုင်ဖွင့်ခြင်း (၂)နှစ်မြောက် အထိမ်းအမှတ်
20% (Discount)
မှိုးရှင်းလက်(ဘ်) မျက်မှန်
Titanium
Branded

ဆူးလေစင်တာဝိုင့်ဖက်ရှင်
၂၀၀၄ခုနှစ် မိုးရာသီအထူး Special Discount ကို ထပ်မံရက်တိုးလိုက်ပါပြီ
15% 5% 20% 10% 30%
1.9.2004 ~ 31.8.2004
☎ 252804, 283359

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ရန်ကုန် ဩဂုတ် ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် မွန်ပြည်နယ် ၁၀ မြို့နယ်တို့မှ မြို့နယ်အမှုဆောင်အရာရှိများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ဆက်လက်၍ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်က ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသွားသည့် လုပ်ငန်းစဉ်များနှင့် ၂၀၀၄–၂၀၀၅ ခုနှစ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ရှင်းလင်းတင်ပြချက်များ အပေါ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်အကြံပြု ဆွေးနွေးမှာကြားသွားသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် မြင်သာမြို့ဦးကျောင်း အမှတ်(၃) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဝါဆိုလပြည့်နေ့ကကျင်းပရာ ရဟန်း ၁၀ ပါးနှင့် ရှင်သာမဏေ အပါး ၅၀ တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး အလှူရှင်များက ဆရာတော် ဘဒ္ဒန္တ ပညာစာရအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၆၃)

ဝါတွင်း ၁၀ ရက် တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၇

(၁၈)ကြိမ်မြောက် ဝါတွင်း ၁၀ ရက် တရားစခန်းကို ၁၃၆၆ ခု ဝါခေါင်လဆန်း ၆ ရက် (ဩဂုတ် ၂၁ ရက်)မှ ဝါခေါင်လပြည့်(ဩဂုတ် ၃၀ ရက်)ထိ ဖွင့်လှစ်မည်ဖြစ်ရာ လှူဒါန်းလိုသူများ ဝေယျာဝစ္စအဖွဲ့ ညောင်ကန်အေးရွှေပြည်သာ သာသနာ့ရိပ်သာ ၆/၁၀ ရပ်ကွက်၊ ရွှေပြည်သာမြို့ ဖုန်း–၆၁၀၃၆၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဆောင်ရွက်

ဩဂုတ်၁၅ရက်က မရမ်းကုန်းမြို့နယ်ရှိ ရွှေမြိုင်သိရီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး၊ ဆရာလေးများအား မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီး ဆရာဝန်များအဖွဲ့မှ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြစဉ်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်ညွှန့်တင် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ပျော့ရွာ မူးမြစ်ရေတင်စီမံကိန်းနှင့် ဘုတလင်မြို့နယ် မြို့သစ်ရေလှောင်တမံ တည်ဆောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွှန့်တင်သည် ဩဂုတ် ၁၃ ရက်တွင် စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် မအူပင်ကျေးရွာတစ်ဖက်ကမ်း မူးမြစ်မှ လျှပ်စစ်မြစ်ရေတင် စိုက်ပျိုးရေပေးဝေမည့် ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန စီမံကိန်းတာဝန်ခံက တည်ဆောက်မည့် ရေပေါ်ရေတင် စက်ရုံလုပ်ငန်း၊ ရေတင်အဆင့်သုံးဆင့်ဖြင့် ရေသောက်ဧကေါ်ထောင် ရေပေးဝေရေး၊ ယာမြေမှ လယ်မြေပြောင်းလဲစပါးစိုက်ပျိုးရေး၊ သီးထပ်စိုက်ပျိုးရေးနှင့် တည်ဆောက်ဆဲ ရေပေးတူးမြောင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။



ဝန်ကြီးက ပင်မ ရေပေးတူးမြောင်းနှင့် ရေစုပ်စက်များ တပ်ဆင်မည့် စက်ရုံအောက်ခြေပိုင်း တည်ဆောက်နေမှု၊ မူးမြစ်၏ ရေလမ်းကြောင်း၊ ရေအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေတင်စီမံကိန်းဧရိယာရှိ မြေအောက်ရေ၊ စက်ရေတွင်းမှ ရရှိသည့်ရေဖြင့် မိုးစပါးစိုက်ပျိုးရန် မြေပြုပြင်မှု၊ စိုက်ပျိုးပြီး မိုးစပါးများ ဖြစ်ထွန်းမှုတို့ကို ကြည့်ရှုသည်။

ထို့နောက်ဝန်ကြီးသည် မုံရွာခရိုင် ဘုတလင်မြို့နယ် မြို့သစ်ချောင်းကျေးရွာတစ်ဝိုက်၌ မိုးကြို ချည်မျှင်ရှည်ဝါမျိုးသန့်ဧက ၁၀၀ ၌ ဌာနနှင့်တောင်သူ အကျိုးတူမျိုးပွားစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး အကျိုးဆောင်တောင်သူများ၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ချည်မျှင်ရှည်ဝါပန်းတိုင် အထွက်နှုန်းတစ်ဧက ပိဿာ ၄၀၀ ထွက်ရှိရေး၊ ဝါအထွက်တိုးရေးတွင် မျိုးသန့်ဝါမျိုးစေ့ ရရှိစိုက်ပျိုးရေး၊ ဌာနနှင့်တောင်သူ အကျိုးဆောင်ပူးပေါင်း၍ မျိုးသန့်ဝါ စိုက်ပျိုးရေး၊ မျိုးဝါ ဝယ်ယူရေးကိစ္စများ ဆွေးနွေးမှာကြားသည်။

ထို့နောက်ဝန်ကြီးသည် မြို့သစ်ချောင်း ကျေးရွာအနီး၌ စစ်ကိုင်းတိုင်းဆည်မြောင်းဦးစီးဌာနမှ မြို့သစ်ချောင်းကို မြေသားတမံပိတ်၍ တည်ဆောက်နေသည့် မြို့သစ်ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုတ်ကြည်က ပင်မတမံ၊ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲ တည်ဆောက်မှု လုပ်ငန်းများ၊ အင်ကြင်းပင် ရေထိန်းတမံနှင့် အိုင်ယားရေလှောင်တမံများ ဆက်လက်တည်ဆောက်မည့် လုပ်ငန်းစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းက မုံရွာမြို့ ချင်းတွင်းမြစ် ရေဘေးကာကွယ်မှုလုပ်ငန်းအဖြစ် ချင်းတွင်းမြစ်ကမ်းတစ်လျှောက် တာတမံ ထိန်းသိမ်းထားရှိမှု၊ တာသစ် တည်ဆောက်မှု၊ အိုးဘိုတောင် တစ်ဝိုက်၌ ချင်းတွင်းမြစ်နှင့် ဆက်စပ်ရေထိန်းရေတံခါး တည်ဆောက်မည့် လုပ်ငန်းတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက မြို့သစ်ရေလှောင်တမံကို သတ်မှတ်ချိန် ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေပေးတူးမြောင်းများ တည်ဆောက်ရေး၊ ချင်းတွင်းမြစ်၏ ရေကာတာတမံများ ကြံ့ခိုင်ကောင်းမွန်အောင် ထိန်းသိမ်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန် တည်ဆောက်ပြီးစီးမှုလုပ်ငန်း၊ စက်ယန္တရားများဖြင့် ပင်မတမံ မြေဖို့၊ မြေသိပ်၊ မြေကြိတ်၊ ရေဖျန်းဆောင်ရွက်မှု၊ ရေပိုလွှဲ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မြို့သစ်ရေလှောင်တမံသည် အလျားပေ ၂၆၀၀၊ အမြင့်ပေ ၆၀၊ ကုန်းကြောတမံ အလျားပေ ၂၆၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၇၄၇၀ ရှိပြီး ရေပိုလွှဲမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ အကျယ်ပေ ၄၀၊ အလျားပေ ၁၄၀၀ ရှိသည်။ ရေလှောင်တမံ၏ ဆည်ရေသောက် ဧကမှာ ၂၅၀၀ ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင် မြို့သစ်ရေလှောင်တမံ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

စေတနာသမ္ဘာရ ဝတ်အသင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဩဂုတ် ၁၇

ကြည့်မြင်တိုင် မြို့နယ်လုံးဆိုင်ရာ စေတနာသမ္ဘာရ ဝတ်အသင်းကြီးမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲကို၁၃၆၆ ခုနှစ်ဝါခေါင်လဆန်း ၆ ရက် (ဩဂုတ် ၂၁ ရက်) စနေနေ့ ညနေပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ဘောဂလမ်း အမှတ် (၅၄)ရှိ အသင်းဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းမည်

အဆိုပါ ဝါဆိုသင်္ကန်း ကပ်လှူပွဲ၌ ကြည့်မြင်တိုင်မြို့နယ် သာစုကျောင်းတိုက် တိုက်အုပ်ကျောင်း၊ စမ်းချောင်းမြို့နယ် ဗားဂရာကျောင်းတိုက် အောင်မင်္ဂလာကျားကျောင်းနှင့် အလုံမြို့နယ် ကွင်းကျောင်းပရိယတ္တိ စာသင်တိုက်တို့မှ သံဃာတော်များအား (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

(က–ပ)

ကျေးလက်ရေပေးရေး စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

ရွှေဘို ဩဂုတ် ၁၀

၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက်ရေပေးရေး ရွှေဘိုမြို့နယ် အုန်းပေါက်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ စက်ရေတွင်း အလှူရှင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အာရှဖွံ့ဖြိုးရေးဘဏ်နေ ဒေါက်တာစိန်တင် (တွဲဖက် အမှုဆောင် ဒါရိုက်တာ)၊ ဇနီး ဒေါ်ညွန့်ညွန့်ရွှေတို့ကိုယ်စား ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူး ဦးငွေသိန်း၊ ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဆန်းမော်ခင်က စက်ရေတွင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူး ဦးငွေသိန်းနှင့် အလှူရှင်၏သားဖြစ်သူ ဦးစိန်လွင်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

သုံးစွဲနိုင်

အုန်းပေါက်ကျေးရွာ စက်ရေတွင်းကို အဖွဲ့ ရန်ပုံငွေ ၂၃၄၁၅၂ ကျပ်၊ နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀၊ အလှူရှင်မှ ထည့်ဝင်ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်းကျပ် ၁၀၃၄၁၅၂ ကျပ် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး စက်ရေတွင်းမှာ အကျယ်နှစ်လက်မ၊ အနက်ပေ ၂၄၀ ဖြစ်ကာ ရေထွက်နှုန်းမှာ တစ်နာရီလျှင် ဂါလန် ၂၀၀၀ ထွက်ရှိပြီး ကျေးရွာနေ ပြည်သူများ သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုးညှင်းမြို့ အထိမ်းအမှတ်ရုပ်တုပန်းခြံ ဘဲစားမြက်စိုက်ပျိုးခြင်းကို ဇူလိုင် ၂၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြစဉ်။
(မြို့နယ်စည်ပင်)

ကလေးမြို့နယ်ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ကျင်းပ

ကလေး ဩဂုတ် ၁၁

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့တွင် မြို့နယ်အားကစားကြီးကြပ်မှုကော်မတီမှ ကြီးမှူးလျက် ၂၀၀၄-၂၀၀၅ ခုနှစ် ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၁ ရက်က ကျင်းပရာ ပင်လုံရပ်ကွက် လူငယ်အသင်းက သစ္စာရပ်ကွက် လူငယ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

အနိုင်ရ ဗိုလ်စွဲသွားသည့် ပင်လုံရပ်ကွက်လူငယ် ဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးညွန့်က ဆုများ ချီးမြှင့်ပေးအပ်သည်။ (၄၅၇)

နန္ဒဝန်မိုးကုတ်ရိပ်သာ တရားစခန်းဖွင့်မည်

ပဲခူး ဩဂုတ် ၁၁

ပဲခူးမြို့ စိန်ထွန်းရပ်ကွက်ရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၀၅) နန္ဒဝန်မိုးကုတ်ရိပ်သာ၌ အဂ္ဂမဟာပဏ္ဍိတ၊ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရိပ်သာပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ သူရိယမထေရ်မြတ်က ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်၍ ခန္ဓာဉာဏ်ရောက် ဟောကြားတော်မူမည်ဖြစ်ရာ တရားအားထုတ်လိုသူများ ရိပ်သာ ဖုန်း-၂၃၆၂၂ သို့ ဆက်သွယ် စာရင်းပေးနိုင်ပြီး ဩဂုတ် ၂၀ ရက် ညနေ လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇူလိုင် ၂၀ ရက်က တောင်ငူမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပြုလုပ်ရာ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။
(က-ပ)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ခုပညာသင်နှစ် ကျောင်းကောင်စီဥက္ကဋ္ဌဒိုင်း အသက်(၁၅)နှစ်အထက် ဘောလုံးပြိုင်ပွဲကို မြို့နယ်အားကစားပြိုင်ကွင်းတွင် ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော အနော်ရထာ ဘောလုံးအသင်းအား ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ကြီး ဦးခင်မောင်သော်ဒိုင်က ဒိုင်းဆုချီးမြှင့်ပေးအပ်စဉ်။
(ပညာရေး)

မြို့နယ်သတင်းများ

သာစည်မြို့ အမှတ်(၂)ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အမှတ်(၂)ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၁၈ ရက်က ပြုလုပ်ရာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မို့မို့လွင်က ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းစဉ်။ (၄၂၅)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

မန္တလေး ဇူလိုင် ၃၀

ခိုင်သဇင်လက်ဖက်ခြောက် မိသားစု၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို အမှတ်(၂၉၉) ၂၈ လမ်း ၈၃x၈၄ လမ်းကြား မန္တလေးမြို့ ခိုင်သဇင်လက်ဖက်ခြောက်ဆိုင်တွင် ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက ဆက်ကပ်လှူဒါန်းပွဲကျင်းပသည်။

လှူဒါန်းပွဲကို ခိုင်သဇင်လက်ဖက်ခြောက်ဆိုင်သစ်ခန်းမတွင် ခိုင်သဇင်လက်ဖက်ခြောက်လုပ်ငန်း မိခင်ကြီး ဒေါ်လှရင်ကို အမှူးထား၍ ဦးကျော်ညွန့်၊ ဦးဘကျော်နှင့် အထက်မြန်မာပြည် လုပ်ငန်းတာဝန်ခံ ဦးအောင်မင်း-ဒေါ်ယဉ်ယဉ်ထွေးတို့က သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဇူလိုင် ၁၆ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄၁၄) သိမ်ဖြူလမ်း ခိုင်သဇင်လက်ဖက်ခြောက် အရောင်းခန်းမတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သက်ကြီးပူဇော်ပွဲအတွက် လက်ဖက်ခြောက်နှင့် တိုင်းရင်းဆေးဝါး ကျပ်တစ်သိန်းဖိုးကို ရုပ်ရှင်သရုပ်ဆောင် ဦးခင်မောင်ချင်းထံ ပေးအပ်လှူဒါန်းကြသည်။ **(၇၆)**

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ရွှေကူ ဩဂုတ် ၉

ဇူလိုင် ၂၅ ရက်က ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်း လမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် စွန့်ပစ်အမှိုက်များ သယ်ယူခြင်း၊ တိမ်ကောနေသည့် ရေနုတ်မြောင်းများ ပြန်လည် တူးဖော်ခြင်း လုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။

ကြီးကြပ်ဆောင်ရွက်

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးသာဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။
(ပြည်နယ်စည်ပင်)

ကျန်းမာရေးပညာပေး ဟောပြောပွဲ ကျင်းပ

တာချီလိတ် ဩဂုတ် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဒေသ တာချီလိတ်ခရိုင် တာချီလိတ်မြို့တွင် ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီက ကျန်းမာရေးဦးစီးဌာန HIV/AIDS ရောဂါ တားဆီးကာကွယ်ရေးအဖွဲ့ခေါင်းဆောင်ဒေါက်တာမြင့်သောင်းနှင့် ဦးစစ်ခိုင်ထွန်း အဖွဲ့ဝင်များက တာချီလိတ်မြို့ မကာဟိုခမ်းရပ် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ဆောက်လုပ်ရေး အလုပ်သမား ၇၀ ဦး ခန့်အား ရောဂါကာကွယ်ရေးနှင့် ကွန်ဒုံးအသုံးပြုခြင်း၊ မိခင်မှ ကလေးရောဂါ ကူးစက်ခြင်းမှ တားဆီးကာကွယ်ခြင်း ပညာပေးဟောပြောပွဲကျင်းပသည်။

ဆေးဝါးကုသပေး

တာချီလိတ်ခရိုင် ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံကြီးတွင် ၂၀၀၄ ခုနှစ် HIV/AIDS ရောဂါနှင့် ကာလသားရောဂါ တားဆီးကာကွယ်ရေးစီမံချက်နှင့် ရောဂါဝေဒနာရှင်များအား ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ **(၂၃၉)**

ဆည်မချောင်းကူးတံတားဖွင့်

ခရမ်း ဩဂုတ် ၁

ရန်ကုန်တိုင်း ခရမ်းမြို့နယ်နှင့် ပဲခူးတိုင်း ပဲခူးခရိုင် ကဝမြို့နယ်စပ်ရှိ ဆည်မချောင်းကူးတံတား ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက်က ကဝမြို့နယ် ဓီးဖြူကုန်း ကျေးရွာအုပ်စု ကန့်ဘဲ့ကျေးရွာ တံတားသစ်ထိပ်တွင် ကျင်းပသည်။

တံတားဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမောင်လှနှင့် တာဝန်ရှိသူများ၊ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးနှင့် တာဝန်ရှိသူများ၊ ဓီးဖြူကုန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ဩဂုတ် ၂ ရက်က ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ရာ မြို့နယ်ဦးစီးဌာနမှူး ဦးကိုကိုကျော်က ကျေးရွာဥက္ကဋ္ဌ ဦးဝင်းမြင့်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၄၉၇)

ဇူလိုင် ၂၉ ရက်က ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအင်ခွမ်တူး၊ တာဝန်ခံအင်ဂျင်နီယာ ဦးအေးဇော်မြင့်နှင့် ဝန်ထမ်းများအဖွဲ့ ရုံးဝင်းအတွင်းနှင့် အဖွဲ့ပိုင် ပျိုးဥယျာဉ်၌ ဂျပန်မြက်ခင်း အလှစိုက်ပျိုးခြင်း၊ ပန်းအလှပင် ပျိုးထောင်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၄၉၉)



မော်လမြိုင်ကျွန်း၌ ကျန်းမာရေးဟောပြော

မော်လမြိုင်ကျွန်း ဩဂုတ် ၄

မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက်က မရဲအုန်းပင်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

—— ဟောပြော ——

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်အေးအေးယု၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသန်းနှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး ဆရာမကြီး ဒေါ်နယ်လီသန်းက ကျန်းမာရေးအကြောင်း သိကောင်းစရာများ ဟောပြောသည်။ **(၃၆၄)**

မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

(၂/၂၀၀၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ ပင်မဌာန၊ ဌာနခွဲများတွင် အဆင့်ချပြီး ပီပါခွံများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် ချိပ်ပိတ်တင်ဒါ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပင်မဌာန/ဌာနခွဲ	အဆင့်ချပြီး ပီပါခွံ (လုံး)	တင်ဒါ တစ်စောင်နှုန်း (ကျပ်ငွေ)	ပေးသွင်းရန် စပေါ်ငွေ (ကျပ်ငွေ)
၁။	ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က) အဆင့်၊ မန္တလေးမြို့	၁၆၉၀	၁၀၀၀ိ/–	ကျပ်တစ်သိန်းတိတိ
၂။	ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(ဂ)အဆင့်၊ ချောက်မြို့	၃၀၆	၁၀၀၀ိ/–	ကျပ်တစ်သိန်းတိတိ
၃။	သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(ခ)အဆင့်၊ မြစ်ကြီးနားမြို့	၄၈၅	၁၀၀၀ိ/–	ကျပ်ငါးသောင်းတိတိ
၄။	သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(ခ)အဆင့်၊ လားရှိုးမြို့	၄၀	၅၀၀ိ/–	ကျပ်တစ်သောင်းတိတိ

၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်

(က) **နေ့ရက်နှင့်အချိန်**–၁၉–၈–၂၀၀၄ ရုံးချိန်အတွင်း

(ခ) **နေရာ** – (၁) စီမံရေးဌာန ၇(က) သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(၂) အပိုဒ်(၁)ပါ သက်ဆိုင်ရာပင်မဌာန၊ ဌာနခွဲများ။

(ဂ) **တင်ဒါတစ်စောင်နှုန်း** – အပိုဒ်(၁)ပါဇယားအရဖြစ်ပါသည်။

(ဃ) **တင်ဒါပိတ်မည့် နေ့ရက်** – (၁–၉–၂၀၀၄) ရက်နေ့ ညနေ(၁၄:၀၀)နာရီ

(င) **တင်ဒါပေးသွင်းမည့်နေရာ** – (၁) စီမံရေးဌာန၊ ၇(က)၊သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(၂)သက်ဆိုင်ရာပင်မဌာန၊ ဌာနခွဲအသီးသီးတွင် ပေးသွင်းနိုင်ပါသည်။

၃။တင်ဒါပေးသွင်းသူသည် မိမိဆွဲယူလိုသည့် ပင်မဌာန၊ ဌာနခွဲများအရအပိုဒ်(၁)ပါအတိုင်း တင်ဒါဆွဲယူခွင့်စပေါ်ငွေပမာဏများကို ငွေသားဖြင့်ရုံးချုပ်ဘဏ္ဍာရေးဌာနတွင်လည်းကောင်း သက်ဆိုင်ရာပင်မဌာန၊ ဌာနခွဲအသီးသီးတွင်လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၄။ဝယ်ယူခွင့်ရရှိပြီးပါက ပစ္စည်းများကိုသုံးပတ်အတွင်း မိမိအစီအစဉ်ဖြင့် ပြီးစီးအောင် ထုတ်ယူရမည်။

စီမံရေးဌာန
၇(က)သန်လျက်စွန်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

Vacancy Announcement for "Mandalay and Inlay"

(For Local Service Only)

*** Finance Manager**

- B.Com./LCCI Level III
- At least 3~5 years experience in Hotel Industry preferable
- Computer Knowledge (MIT/Fidelio)
- Has good command in English

*** Sr. Sales Manager**

- Leadership ability and sound marketing knowledge
- At least 3~5 years experience in Hotel Industry preferable
- Has good command in English

Please submit your applications to
(Yangon Office)
Summit Parkview Hotel
Rm 222, 2nd Floor
350, Ahlone Road, Dagon Township, Yangon
on or before 27th August 2004

The following requirements:

- Curriculum Vitae/ Educational Qualifications/ Certificate
- License photos(2) nos./Copy of Labour Card & NRC Card

Only short Listed candidates will be informed for interview.





ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂ ရက်။

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရေပေးဝေရေးလုပ်ငန်းသုံးအတွက် လိုအပ်လျက်ရှိသော Electro Chlorinator (One Complete Set) ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် ပစ္စည်းပေးသွင်းလိုသူများထံမှ မြန်မာကျပ်ငွေဖြင့် ချိပ်ပိတ်ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်းဖိတ်ခေါ်အပ်ပါသည်။

ဈေးနှုန်းလွှာများကို ၂၅–၈–၂၀၀၄ နေ့(၁၆:၀၀)နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀ိ/– (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်–၂၇၆၀၈၆၊ ၂၈၂၅၃၄၊ ၂၄၈၁၁၂၊ လိုင်းခွဲ(၂၃၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

အမြန်ရောင်း(တာမွေမြို့နယ်အတွင်း)

၁။ကန်တော်ကြီးရေကန်မျက်နှာစာ ရှုခင်းကောင်း၊နတ်မောက်လမ်းမကြီးပေါ် ၁၄' x ၄၈'၊ ဟောင်ကောင်မြေညီနှစ်လွှာ၊တွင်းပြင်လှေခါး၊ရေမီးဖုန်းပါ တိုက်ခန်း။
၂။ယုဇနပလာဇာနောက် စံပယ်လမ်းမကြီး (၇၇/၈၀)x(၆၅/၉၀)မြေပေါ် တစ်ထပ်တိုက်လုံးချင်း ၃၀၀၀ ft² (ပစ္စည်းထားရန်သင့်)အဝီစိရေ၊ မီတာ ၂။
515065, 0980 25150.

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ် စာအက်ဥပဒေပုဒ်မ–၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၆၆

မောင်ဝင်းတိုးမြင့် **လျှောက်ထားသူ။**

ကွယ်လွန်သူဦးမောင်မောင်မြင့်၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၂၉၉)နေမောင်ဝင်းတိုးမြင့်က ကွယ်လွန်သူဦးမောင်မောင်မြင့်၏ သားကြီးဖြစ်သည်ဟူ၍ အထက်ပါ နေရပ်နေ ၎င်းကွယ်လွန်သူဦးမောင်မောင်မြင့်မှာ ကျန်ရှိရစ်သောပစ္စည်း ပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကိုအများလူတို့ကြားသိစေခြင်းမှာ၊ ကြော်ငြာသည်မှာ၊ ၎င်းကွယ်လွန်သူဦးမောင်မောင်မြင့်မှာ ကျန်ရစ်သောပစ္စည်းများပေါ်၌ ရရန်ရှိသူလူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ ၂ရက် (၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ရက်)နေ့ မွန်းမတည့်မီ(၁၀)နာရီတွင်လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ မောင်ဝင်းတိုးမြင့်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ် ရသင့်၊ မရသင့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်နေ့၊ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်ပိုက်ပိုက်အေး(တ/၁၅၈၆)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

နာရီမျိုးစုံ

၁။ QUARTZ ဓာတ်ခဲနာရီအမျိုးမျိုး
၂။ စက်သွားအော်တိုမစ်တစ်နာရီ၊ Rolex, Omega, Rado, Mido, Titoni, Seiko, Citizen နှင့် နာမည်ကြီး Automatic နာရီအမျိုးမျိုးတို့ကို လုံးဝအာမခံဖြင့် ပြုပြင်ပေးပါသည်။

တိုင်ကပ်နာရီအသစ်မျိုးစုံကို အရေအတွက်များများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

ရွှေတောင်နာရီဆိုင်
အမှတ်(၃၇၀)၊ သမ(၁၁)၊ ကျောက်တံတား သမဝါယစတိုးအနီး၊ မဟာဗန္ဓုလလမ်းနှင့်၊ ၃၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်။
ဖုန်း–၃၇၁၀၄၆။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)

ရန်ကုန်တိုင်း တရားရုံး

၂၀၀၄–ခုနှစ်၊ တရားမကြီးအမှတ်–၁၅၄၅

ဒေါ်ခင်ခင်ကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးရဲထွန်းအောင်) အမှတ်(၃၄)၊ ဗိုလ်တေဇလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ **နှင့်** ဒေါ်အမီနန် အမှတ်–၂၃၊လမ်းသွယ်(၃)လမ်း (၄)ရပ်ကွက်၊ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့။

တရားလို **တရားပြိုင်**

ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ လမ်းသွယ်(၃)လမ်း၊ အမှတ်(၂၃)နေ၊ ဒေါ်အမီနန် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ခင်ခင်ကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးရဲထွန်းအောင်)က "ငွေကျပ် ၃၅၀၀၀၀ိ/–နှင့် အကျိုးအမြတ်ငွေများကို စာရင်းရှင်းလင်းပေးအပ်စေရန်နှင့် (သို့မဟုတ်)ပါက ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်၊ မြေကွက်အမှတ်–၃၄၀/ခ၊ ဂရန်မြေအမျိုးအစား မြေကွက်ကို အရောင်းအဝယ်စာချုပ်အားပယ်ဖျက်ပြီးပြန်လည်လက်ရောက် ပေးစေမှု "လျှောက်ထား စွဲဆိုချက်များရှိသည်ဖြစ်၍ သင့်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၃)ရက်(၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်) နံနက် ၁၀:၀၀နာရီအချိန်တွင်အထက်အမည် ရေးသားပါရှိသူတရားလို၏ စွဲချက်များကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလာသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြရမည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူတစ်ပါတည်း ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ ယင်းတို့က ထုချေလွှာများ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကထည့်သွင်းရမည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ် (၉)ရက်နေ့တွင် ဤရုံးတော်တွင် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးသန့်)
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းတရားရုံး။



ကန့်ကွက်ရန်ကြေညာခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း) ၁၁၇/၁၀၅ အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးတင်အေး၏ ပါမစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် ပါမစ်မိတ္တူ လျှောက်ထားလိုပါ၍ ကန့်ကွက်လိုသူများ ကြေညာသည့် ရက်မှ ခုနစ်ရက်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ပါမစ်မူရင်းလက်ဝယ်ရှိသူအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးတင်အေး
[TDI–၀၀၇၂၈၂]

လျှော့ဈေးဖြင့်ရောင်းမည်

ရွှေဂုံတိုင်အနီး၊ ခြောက်လမ်းသွား၊ ရွှေဂုံတိုင်လမ်းမကြီးပေါ်၊ ခေတ်ပေါ် (၁၁)ထပ်အဆောက်အအုံအတွင်းရှိ တိုက်ခန်းကျယ်များ၊ အိပ်ခန်း(၄)ခန်း၊ ရေချိုးခန်း၊ အိမ်သာ၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ ထမင်းချက်ခန်း၊ ကားရပ်ရန် နေရာကျယ်ဝန်းသည်။

ဖုန်း–၂၀၄၀၄၇၊ ၂၅၀၀၈၂၊ ၃၇၉၅၉၈၊ ၂၅၃၂၈၉၊ ၃၈၂၄၅၂၊ ၂၄၆၅၃၇။

Nakano Japanese Language Centre (Yangon)

Conversation Course ... 7th Sept ... Basic Course ... 6th Sept ... NIC ... Level 4 ... Level 3

Tel 298752, Fax 538190, E-mail

ဝမ်းနည်းကြေကွဲခြင်း

အလက(၁)ဒဂုံ၊ တတိယတန်း(က)မှ မိကွန်ထော၏ဖခင် ဦးကျော်မြင့်လွင်(ထူးအိမ်သင်)၁၄–၈–၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် မိကွန်ထောနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

အတန်းပိုင်ဆရာမ၊ ကျောင်းသားမိဘများ၊ သူငယ်ချင်းများ [တတိယတန်း(က)၊ အလက(၁)ဒဂုံ]

ဝမ်းနည်းကြေကွဲခြင်း

ဦးချစ်ဦး(မန္တလေး) (၇၄)နှစ်

ဆရာဦးခင်မောင်ညို(ဘောဂဗေဒ)၏ဖခင် ဦးချစ်ဦးသည်(၉–၈–၂၀၀၄)တွင်ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **နိုင်ငံတကာစီးပွားရေးဂျာနယ်မိသားစု။**

ဝမ်းနည်းကြေကွဲခြင်း

Ms. Patricia Pun, Mrs. Vivian Lim, Mrs. Suzanne Pun, Mr. Martin Pun- Mrs. Adorn Pun, Mr. Serge Pun, Mrs. Rosa Pun တို့၏ မိခင်ကြီး Mrs. Olive Pun (ခ) ဒေါ်... သည် ၆–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့် အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း

Dr. Than Win + Daw Mi Mi Win
Concordia International Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ကျောင်း၊ဒါယိကာမကြီး ဒေါ်ပွင့်စိန်ဦး(၇၇)နှစ်

ဆရာဦးသိန်းဦး(ဥက္ကဋ္ဌ၊ ACE Data Systems Ltd.)–ဆရာမ ဒေါ်သန်းသန်းတင့်တို့၏ မိခင် ၁၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ACE Data Systems(Training Division) မှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ။

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး

ဒေါ်ပွင့်စိန်ဦး(၇၇)နှစ်

(ပုဏ္ဏားကျွန်း၊ ယိုးတရုတ်၊ စစ်တွေ)

ဆရာဦးသိန်းဦး(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်) (ဥက္ကဋ္ဌ၊ ACE Data Systems Ltd.)၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ပွင့်စိန်ဦး အသက်(၇၇)နှစ်သည် ၁၅–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဆရာ၏မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမင်းကိုကို–ဒေါ်တင်တင်သိုက်
TNT Computer Systems (Technology and Trust)

ဝမ်းနည်းကြေကွဲခြင်း

ဦးကိုကို

အသက်(၈၆)နှစ်

မန္တလေးမြို့၊ အထက(၁၆)၊ ဘင်ခရာတပ်ဖွဲ့မှ တာဝန်ခံဆရာမ ဒေါ်မော်လီကို၏ဖခင် ၃၁–၇–၂၀၀၄နေ့တွင် ကသာမြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထက(၁၆)အကြီးတန်းဘင်ခရာတပ်ဖွဲ့၊
မူလတန်းဘင်ခရာတပ်ဖွဲ့
မန္တလေးမြို့။

စားသောက်ဆိုင်ဖွင့်လိုသူများအတွက်

ယခုလက်ရှိ ဖွင့်လှစ်ထားသော ဆိုင်ကို အပြီးအစီး လက်လွှဲရောင်းလိုသည်။

★ အိမ်၊ မြေ ရောင်းမည်မဟုတ်ပါ။

★ စုံစမ်းရန်ဖုန်း–၂၄၀၉၆၆၆...

အခြေနေရောင်း/ငှား

Ph : 249380, 720609, 710696

ဝမ်းနည်းကြေကွဲခြင်း

ကွမ်းခြံကုန်းမြို့နယ်အသင်းကို စတင်တည်ထောင်သူ အသင်း၏ ဂုဏ်ထူးဆောင်နာယကနှင့် အကန်တော့ခံပုဂ္ဂိုလ်ဖြစ်သူ ဦးဝန်(မင်းသုဝဏ်)သည် (၁၅–၈–၂၀၀၄)နေ့တွင် ကွယ်လွန်ခဲ့ခြင်းအတွက် ဆရာကြီး၏ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကွမ်းခြံကုန်းမြို့နယ်အသင်း
အမှုဆောင်အဖွဲ့နှင့်အသင်းသူ၊အသင်းသားများ။

ဝမ်းနည်းကြေကွဲခြင်း

Guyomarc'h Fortune Animal Nutrition Ltd. မှ General Manager, Dr. ဥဏ်စိုး၏ ချစ်လှစွာသောဖခင်ကြီး ဦးဝန်(မင်းသုဝဏ်)သည် ၁၅–၈–၂၀၀၄နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

MD နှင့်ဝန်ထမ်းများ
Guyomarc' h Fortune.

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ငြိမ်း(ကဒပ္ပန)၊ အသက်(၉၃)နှစ်

(ဒေါ်မြညွန့်)၏မောင်၊ (ဦးဟန်–ဒေါ်ခင်ခင်)၊ (ဦးမောင်မောင်–ဒေါ်ကျင်တွမ်)တို့၏အစ်ကိုဖြစ်သူ ဦးကျော်ငြိမ်းသည် ၁၄–၈–၂၀၀၄နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း။

တူမများ– ဦးမျိုးလု–ဒေါ်အောင်ကြည်(ငြိမ်း–ဝန်ကြီးများရုံး)
ဒေါ်ကြည်ကြည်ဟန် (Director)
YI YI & Group Enterprise Co.,Ltd.
ဒေါ်ရီရီဟန် (French-Guide)
ဒေါ်စိုးစိုးဟန်(104–သတင်းဝန်ဆောင်မှုလုပ်ငန်း)

ကန့်ကွက်ရန်ကြေညာခြင်း

ရွှေပေါက်ကံမြို့သစ် စက်မှုဇုန်မြေတိုင်းရပ်ကွက်အမှတ် ၁၉/၁ စက်မှုရပ်ကွက်အမှတ် (၂၇+၂၈+၂၉+၃၀+၃၁)ရွှေပေါက်ကံမြို့သစ် အမည်ပေါက်၏ ဂရန်မူရင်းပျောက်ဆုံးသွားပါသဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အခွန်ဌာနတွင် ဂရန်မိတ္တူလျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူများ ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန မြေနှင့်အခွန်ဌာနခွဲသို့ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးရွှေးကြွယ်
MMN–၀၆၈၀၄၆
၁၉/၁ စက်မှုရပ်ကွက်
အမှတ်၂၇–၃၁
ရွှေပေါက်ကံမြို့သစ်

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်ပွင့်စိန်ဦး(၇၇)နှစ်

ဆရာဦးသိန်းဦး(ဥက္ကဋ္ဌ၊ ACE Data Systems Ltd.)–ဆရာမ ဒေါ်သန်းသန်းတင့်တို့၏ မိခင် ၁၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ACE Data Systems (MICT PARK) မှ ဝန်ထမ်းများ။

ရောင်းရန်

လက်ရှိ အသုံးပြုလျက်ရှိသော တွင်ခုံပစ္စည်းများရောင်းရန်ရှိသည်။

ဖုန်း–၀၂–၃၁၃၄၂
တစ်ဆင့်ကျော်ဆန်း။

မြိတ်အသင်း

ဦးဘသောင်း(၈၅)နှစ်

(မြိတ်)

မြိတ်မြို့နေ (ဦးစိန်မြအုံ–ဒေါ်တင်ရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၄၁)၊ ၈၈လမ်း၊ (၆)လွှာ(ညာ)နေ ဒေါ်သန်းကြည်၏ ခင်ပွန်း၊ ရာသက်ပန် အသင်းဝင်အမှတ်(၁၆၃၅)သည် ၁၅–၈–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ (၁၇–၈–၂၀၀၄) (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

၁၀လမ်း၊သာသနာ့ဟိတကာရီ ဆွမ်းလောင်းအသင်းနာယကကြီး ရဟန်းဒါယကာကြီး

ဦးမြမောင်

အသက်(၇၂)နှစ်

(မအူပင်)

မအူပင်မြို့နယ်၊ ထန်းပင်ကွေ့ကျေးရွာနေ(ဦးသာဆိုင်–ဒေါ်ရွှေ) တို့၏သား၊လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊တိုက် ၁/၂၊ အခန်း(၈)၊ လှိုင်မြစ်လမ်းနေ (ဒေါ်သောင်း) ၏ခင်ပွန်း၊ ဦးမြင့်သိန်း–ဒေါ်မြင့်မြင့်သန်း (အမက(၄)လှိုင်)၊ ဒေါ်သန်းသန်းမြင့်၊ ဦးသန်းနိုင်–ဒေါ်သန်းသန်းအေး၊ ဦးခင်မြ–ဒေါ်ယဉ်ယဉ်ထွန်း၊ ဦးလှမြင့်–ဒေါ်မိမိငယ်တို့၏ ချစ်လှစွာသော မွေးဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၃–၈–၂၀၀၄ သောကြာနေ့ နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

သင်္ဘောစလောင်းအတွက်

တပ်ဆင်၊ ပြုပြင်၊ ... Top Field Digital ... Metabox, Silver box ... UPGRADE ...

ZN SATELLITE GROUP, Tel: 727548

KT ... KT 1950 ... LCCI ...

အမည်ပြောင်းခြင်း

ဦးမျိုးသန့်၏သား မော်လမြိုင်မြို့ အမှတ်(၁၀)၊အထကကျောင်း၊တတိယတန်းမှ မောင်ကောင်းဝေလျှံအား ယနေ့မှစ၍ မောင်ကောင်းဝေဖြိုး ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ကောင်းဝေဖြိုး။**

လုံးချင်းတိုက်ငှားမည်

မြန်မာ့ဂုဏ်ရောင်အိမ်ရာ 90'x 90'တွင် အဆင့်မြင့်(၂)ထပ်တိုက် Ph, 2A/C, 2MBR, 2BR

221184, 211642

ကားရောင်းမည်

Dyna90-Model, 14B
Ph: 383441. 241104.
(10;00 AM 5.00 PM)

Hilux, VAN, Saloon, Pickup, Townace ...
249380, 720609, 710696

CTY
242279, 579396
562288 (လိုင်း၂) 216

NPE ... NPE

အမည်ဖြည့်စွက်ခြင်း

အဘ ဦးချစ်လှ၏သား မောင်ထွန်းလင်းအား မောင်ထွန်းလင်း(ခ)မောင်အာကာဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

မောင်ထွန်းလင်း(ခ)မောင်အာကာ
[၁၂/တမန(နိုင်)၀၀၀၃၁၉]

အမည်ဖြည့်စွက်ခြင်း

အဘ အောင်ဟန်ကြူ၏သမီး ONG AH PIN အား ONG AH PIN(ခ)မခင်မြင့်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

ONG AH PIN(ခ)မခင်မြင့်
[၁၂/လသန(နိုင်)၀၀၁၆၀၉]

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်နု

အသက်(၈၀)

တံတားမြို့၊ကျောက်တန်းမြို့နယ်

တံတားမြို့၊ ဘုရားတံတား ဒါယကာကြီး (ဦးမောင်ကြီး–ဒေါ်ဖွားခင်) တို့၏သမီး၊ မင်္ဂလွန် (ဦးရွှေစိုး–ဒေါ်ငွေနု) တို့၏သမီးချွေးမ၊ရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊အမှတ်(၅၈)၊ (မြေညီထပ်)နေ (ဦးလှမောင်)၏ဇနီး၊ ဦးဇေယျာမောင်–ဒေါ်ခင်မြင့်၊ ဒေါ်ခင်စိုးလှ၊ ဦးတင်ဝင်း(၃) လ/ထ ညွှန်ကြားရေးမှူး၊ဟင်္သာတမြို့ဆည်မြောင်းဦးစီးဌာန–ဒေါ်လှလှမို့၊ ဒေါက်တာမင်းအဲမွန်စိုး–ဒေါက်တာချစ်ချစ်လှ၊ ဦးလှငွေးမောင်(IBC)–ဒေါ်ခိုင်ခိုင်ကျော်တို့၏ မိခင်၊ မြေး ကိုးယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၆–၈–၂၀၀၄ (တနင်္လာနေ့)နံနက် ၆:၂၀ နာရီတွင် မဟာမြိုင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်သန်းသန်း

အသက်(၅၃)နှစ်

ကဝမြို့နယ်၊ ခမေကြီးကျေးရွာနေ (ဦးထွန်းခင်) – (ဒေါ်သိန်းခင်)–ဒေါ်ကြည်လှိုင်တို့၏သမီး ချွေးမ၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်နေ ဦးမောင်မောင်–ဒေါ်မြကြင်တို့၏သမီး၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၅၃)နေ ဦးစန်းငွေဦးစီးအရာရှိ(ငြိမ်း)အကောက်ခွန်ဦးစီးဌာန၏ဇနီး၊ ဦးဇော်လွင်–ဒေါ်သန္တာဝင်း၊ ဒေါ်သင်းသင်းခိုင်၊ ဦးသိန်းထွန်းဦး–ဒေါ်ဆွေဆွေဝင်း၊ ဦးမျိုးသန့်ဇင်–ဒေါ်မြင့်မြင့်သွင်၊ မောင်ကျော်ဇေယျတို့၏ မွေးသမိခင်၊ မသိမ့်သိမ့်ဇင်မျိုးဝင့်၊ မောင်ကောင်းဆက်ဟိန်း၊ မဇင်မျိုးခိုင်အောင်၊ မခိုင်မာဇင်မျိုးသန့်တို့၏အဘွားဖြစ်သူသည် ၁၆–၈–၂၀၀၄နေ့ (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ(၄)နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

နေအိမ်မှကားများ ညနေ၃နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်(ခ) အန်ချီဘင်း

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၂)၊အင်းဝလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ (ဦးအန်စီကွန်း)–(ဒေါ်ချူးငေါ်)တို့၏ဒုတိယသား၊ ဗိုလ်မှူးအောင်သန်း(ငြိမ်း)–(ဒေါ်အုန်းမြင့်)တို့၏သားသမက်၊ ဒေါ်ချိုချိုအောင်၏ခင်ပွန်း၊ ဦးကျော်အောင်–ဒေါ်ရီရီတို့၏ညီ၊ ဦးတင်အုန်း၊ ဦးမြင့်လွင်–ဒေါ်မိမိကျော်၊ ဦးလှမြင့်–ဒေါ်အေးအေးမွန်တို့၏အစ်ကို၊ မချိုဇင်အောင်၊ မချိုဇင်လှဲ့၊ မောင်စည်သူဟိန်း[အထက(၃)၊တာမွေ]တို့၏ဖခင်၊ တူ၊တူမကိုးယောက်တို့၏ ဦးလေးသည် (၁၆–၈–၂၀၀၄)ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ (၁၈–၈–၂၀၀၄)နေ့ နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာမည်ဖြစ်ပါကြောင်း။)

ကျန်ရစ်သူမိသားစု။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဦးဝင်းဖေ (၇၃)နှစ်
ဆည်မြောင်းဦးစီးဌာန
(ညွှန်မှူး-ငြိမ်း)
(၁၈-၇-၂၀၀၄ မှ ၁၈-၈-၂၀၀၄)

မိသားစုအပေါ်မြင့်မိုရ်တောင်မကမေတ္တာကြီးမားလှစွာသော ကျေးဇူးရှင်ဖေဖေ မိသားစုနှင့် ခွဲခွာသွားသည်မှာ ၁၈-၈-၂၀၀၄ရက်တွင် တစ်လပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ယနေ့ထိတိုင် နေ့စဉ်နှင့်အမျှ တမ်းတလွမ်းဆွတ် သတိရလျက်ပါ၊ ဖေဖေ့အတွက် ပြုလုပ်သမျှကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှ-အမျှ-အမျှ ပေးဝေပါတယ်၊ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ **ကျန်ရစ်သူမိသားစု**

ဇနီး-ဒေါ်အေးအေးနှင့် သားသမီး၊မြေးများ။

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဦးအောင်ကျော်မြင့်
SUPER POWER လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး

ကံတရားရဲ့စီမံမှုကြောင့်မခိုင်(မစန်းစန်းခိုင်)နဲ့သမီးလေးမခင်သီတို့ကို ဦးအောင်ကျော်မြင့် ခွဲခွာသွားခဲ့သည်မှာ၁၈-၈-၂၀၀၄ရက်ဆိုရင် (၃)နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်းနေ့စဉ် သတိရ၊ တမ်းတ၊ လွမ်းဆွတ်နေဆဲပါ။ ဦးအောင်ကျော်မြင့်အတွက်ရည်စူးပြီး ပြုပြုသမျှ ကောင်းမှုကုသိုလ်များအားလုံးကို အမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ဇနီး-မစန်းစန်းခိုင်
သမီးလေး-မခင်သီ
SUPER POWER လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး
အမှတ်(၄၇-ဘီ)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

(၆)လပြည့်လွမ်းဆွတ်သတိရခြင်း
ဒေါ်မြကြည် (ရွှေဘိုမင်းသမီးသနပ်ခါးမိခင်ကြီး)
(၁၈-၂-၂၀၀၄ မှ ၁၈-၈-၂၀၀၄)

မေမေဒေါ်မြကြည် မိသားစုနှင့်ခွဲခွာသွားသည်မှာ (၆)လပြည့်ခဲ့သော်လည်း မေမေ၏အေးချမ်းသောမေတ္တာ၊ စေတနာနှင့် ကျေးဇူးတရားတို့ကိုမေ့မရပါ။

မေမေပြုခဲ့သောအလှူဒါန၊ ကုသိုလ်ကောင်းမှုနှင့် မေမေ့အတွက်ရည်စူး၍အမြဲမပြတ် လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်စေတနာတရားတို့ကြောင့် ငြိမ်းချမ်းသောဘုံဘဝသို့ ရောက်ရှိသည့်တိုင်အောင် အထောက်အပံ့ကောင်း အကျိုးတရားများဖြစ်ပါစေကြောင်း တောင်းဆုပြုပါသည်။

ဖေဖေ-ဦးတင်မောင်နှင့်
သားသမီး၊ မြေးတစ်စု။
(ရွှေဘိုမင်းသမီးသနပ်ခါး)

ကျေးဇူးတင်ရှိခြင်း
ဒေါ်ရီရီ (၈၃)နှစ်
ဒု-ရဲအုပ်(ငြိမ်း)၊ (အင်္ဂပူ)

ကျေးဇူးရှင်မိခင်ကြီးဒေါ်ရီရီ နာမကျန်းဖြစ်စဉ်က ဂရုတစိုက်ကြပ်မတ်စောင့်ရှောက်ကုသပေးခဲ့ကြသော ရွှေဂုံတိုင် အထူးကုဆေးခန်းမှ အထူးကုဆရာဝန်ကြီးများ၊ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့၊ တာဝန်ကျဆရာဝန်များနှင့် သူနာပြုဆရာမများ၊ သတင်းမေးမြန်းအားပေးသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မိခင်ကြီး၏နောက် ဆုံးခရီးအတွက် အစစအရာရာ ကူညီလိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်း၊ လွမ်းသူ့ပန်းခြင်းနှင့် ပန်းခွေပေးပို့ခြင်း၊ မိသားစုနှင့်အတူဝမ်းနည်းကြေကွဲကြောင်း ဖော်ပြခြင်းပြုခဲ့ကြသော မြန်မာ့မီးရထား၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း မေးမြန်းနှစ်သိမ့်အားပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ACE Data Systems Ltd.တို့၏ ဥက္ကဋ္ဌ ဦးသိန်းဦး၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ပွင့်စိန်ဦး အသက်(၇၇)နှစ် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

MCC Group of Companies
MCC. Mastech Co.,Ltd. **Myanma Computer Co.,Ltd (MCC)**
News Link Co., Ltd. **Myanma Data Comm Co.,Ltd.(MDC)**
C & P Co., Ltd.

ရဟန်း၊ကျောင်း၊ရေချမ်းစင်ဒါယိကာမကြီး
ဒေါ်ချိုနွယ်ဦး(ခ)ဒေါ်ဆွေဆွေ
အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ(ဦးကျော်သိန်း-ဒေါ်ညွန့်ညွန့်)တို့၏သမီးထွေး၊ ရေနံချောင်းမြို့နေ (ဦးဗလ-ဒေါ်မြရင်)တို့၏သမီးချွေးမ၊ရန်ကုန်မြို့၊ အမှတ်(၂၇၅)၊ ရာဇသင်္ကြန် (၇)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်ဇော်၏ဇနီး၊ မသူသူဇော်၊ မထိုက်ရွှေရည်ဦး၊ မောင်အောင်သူရဇော်(ပဋ္ဌမတန်း၊ အထက-၂၊ ဗဟန်း)တို့၏ ချစ်လှစွာသောမွေးသမိခင်သည် ၁၇-၈-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၀၄(ကြာသပတေးနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မမင်းမင်းကြည် အသက်(၃၀)

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊တောင်သုကန်းရပ်ကွက်၊ မဂ္ဂင်ကျောင်းလမ်း၊ အမှတ်(၂၄၀)နေ ဦးစောအောင်ကြည် (Giwin Shipping)-ဒေါ်ညွန့်ကြည်တို့၏သမီးကြီး၊ အင်းစိန်မြို့နယ်၊ အမှတ်(၁၁၁)၊နံ့သာကုန်းရိပ်သာလမ်းနေ ဦးထွန်းထွန်း (အား/ကာ) - ဒေါ်ခင်သန်းမြင့် (အန်တီလေး) (မြန်မာယူရိုဝေါလ်ကုမ္ပဏီ) တို့၏ ချွေးမ၊ ဦးထွန်းထွန်းအောင်-ဒေါ်အေမီကျော်၊ မစန္ဒာအောင်၊ မောင်အောင်သူရကျော်-မနန္ဒာအောင်၊ မောင်နေလင်းအောင်တို့၏အစ်မ၊ မအေးအေး(ငြိမ်း)၊ မသွယ်သွယ်ထွန်းတို့၏ညီမ၊ ဦးမင်းသိန်းထွန်း၏ ဇနီး၊မောင်ဟိန်းထက်စံ(ဖိုးသား)၊ မောင်ရဲဝင့် အောင်(ဖိုးဆွိ)တို့၏မိခင်သည် အင်းစိန်ဆေးရုံကြီး၌ ၁၇-၈-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၄ (ကြာသပတေးနေ့)ညနေ၄နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ဇရပ်၊တန်ဆောင်းဒါယကာကြီး
ဦးဘရွှေ (၈၅)နှစ်
ဆေးနှင့်စာအုပ်ဆင်ဒီကိတ်ဆိုင်
(ထားဝယ်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၇)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်းနေ ဒေါ်ကြည်၏ ခင်ပွန်း၊ ဦးမြင့်သိန်း-(ဒေါ်သန်းနွဲ့)(စန္ဒီးဂိုက်စက္ကူအရောင်းတင်လုပ်ငန်း)၊ (ဦးမောင်စိုး)-ဒေါ်အေးမူ၊ ဒေါ်သန်းမူ၊ ဒေါ်တင်တင်နွယ်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်လဲ့လဲ့ချိုသိန်း (Physiotherapist၊ အကြောအဆစ်ဆေးကုဌာန၊ မြောက်ဥက္ကလာပဆေးရုံကြီး)၊ မရီရီချိုသိန်း(တ-နှစ်၊ ဆေး-၁၊ ရန်ကုန်)၊ မောင်ဝင်းနိုင်စိုး (အောင်မင်္ဂလာရေဒီယိုကက်ဆက်ပြုပြင်ရေး-ထားဝယ်)တို့၏ အဘိုးသည် ၁၇-၈-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၁-၈-၂၀၀၄(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နုနုကြည် (၇၃)နှစ်
အလယ်တန်းပြ (ငြိမ်း)
(မြင်းခြံ၊ တောင်သာ)

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မင်းစေတီလမ်း၊ အမှတ်(၅၇၈)နေ (ဦးဇင်-ဒေါ်သက်စု)တို့၏သမီးငယ်၊ ဒေါ်ခင်ခင်ကြီး၏ညီမ၊ ဦးမျိုးသိန်း(ဒု-ထွေ/ဂျာ၊ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း) - ဒေါ်တင်တင်ဦးတို့၏အဒေါ်၊ဦးကိုကို(စာရေးဆရာဗအုပ်ခိုင်)-မစိုးကလျာထိုက်၊ ဦးညီညီ-မစန်းစန်းထွေး (မြန်မာ့သစ်လုပ်ငန်း)၊ ဦးမင်းသူ (Uniteam Shipping Line)-မကလျာစိုးရင်တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Thang Cin Khup
(ငြိမ်း)
(NAULAK)
အသက် (၇၃)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Tungzang ကျေးရွာနေ (PU Zel Thawng-Pi Kim Khua Niang)တို့၏သား၊ (Pa Khai Cin Pau,Pa Cin Za Thang)တို့၏ ညီ၊ ဒုအရာခံဗိုလ် Pa Phung Kam(ငြိမ်း)ရန်ကုန်၏ အစ်ကို၊ Nu Ning Deih Cing၏ချစ်လှစွာသော ခင်ပွန်း၊ Nu Niang Sian Cing-Pa Kap Za Pau, Nu Ngul Khan Man-Pa Za Kham, Pa Thawng Cin Lian-Nu Cing Khan Sang, Pa Kham Suan Thang-Nu Ciin Deih Zam, Nu Dim Lam Niang-Rev Tun Khan Zam (JAG seniorpastor), Pastor Pau Cin Thang (Asst.Pastor Harvester Yangon)- Nu Dim Sian Nuam,Pa Thang Kap Mang-Nu Dim Tung Niang (Yangon), Tg Kam Lian Mung တို့၏ ဖခင်၊ မြေး ၂၉ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည်၁၄-၈-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၈-၈-၂၀၀၄ရက် ညနေ ၅နာရီတွင် Tungzangခရစ်ယာန်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစစ်နိုင်(ငြိမ်း)(၆၆)နှစ်
B.Sc(Engg;)(Civil)

ရန်ကုန်မြို့နေ (ဦးပန်းစိန်-ဒေါ်ဖွားမြိုင်)တို့၏သား၊ ရန်ကုန်မြို့ အနောက်ပိုင်း လမ်းမတော်ရပ်နေ (ဦးစိုင်လုံ-ဒေါ်အမာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၄)၊ မြရတနာခြံ၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်းနေ ဒေါ်မြမြဝေ(မြ)၏ခင်ပွန်း၊ ဦးမြင့်လှ (DCPT-ငြိမ်း)-ဒေါ်ခင်ပို(MPF)၊ ဦးသိန်းလွင်(ကုန်သွယ်-ငြိမ်း)-ဒေါ်စန်းစန်းမြင့်(ကုန်သွယ်၊ငြိမ်း)၊ (ဦးလှမြင့်-ဒေါ်စိန်စိန်ရီ)တို့၏ညီ/မောင်၊ ဦးသန့်စင်(ဒု-ပါမောက္ခချုပ်၊ ငြိမ်း၊ ယဉ်ကျေးမှုတက္ကသိုလ်)-(ဒေါ်ဖြူမြင့်ဝေ-ဒိုင်အို)၊ ဦးသိန်းထွန်း(ဦးစီးအရာရှိ ဘဏ္ဍာရေး၊ ဆောက်လုပ်ရေး၊ ငြိမ်း)-ဒေါ်ဖြူသက်ဝေ (Golden Queen Mart)၊ ဒုတိယဗိုလ်မှူးကြီးသိန်းနိုင်(ငြိမ်း)-ဒေါ်ဖြူလေးဝေ၊ ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)- ဒေါ်စန်းစန်းဝေ၊ ဒေါ်သက်ထားဝေတို့၏အစ်ကို ဗိုလ်ကြီးစစ်နိုင်(ငြိမ်း)သည် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌၁၅-၈-၂၀၀၄ ရက်တွင်ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၄ (ကြာသပတေးနေ့) နံနက်၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ကားများ နေအိမ်မှ နံနက်၉နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ်ဒါယကာကြီး
ဦးမောင်မောင်ခဆွေ(ခ) Carl
အသက်(၄၅)နှစ်
Managing Director
Integrated Marketing Ltd.,
Vice President,
Focus Energy Ltd.

ရန်ကုန်မြို့၊ အမှတ်(၂၄/G)၊ ပြည်သူ့လမ်း၊ ပြည်လမ်းနေ [ဦးမြင့်ဆွေ-ဒေါ်ညိုညို(ခ)ဒေါ်နယ်လီသိန်း]တို့၏သား၊ (ဗိုလ်မှူးကျော်စိုး-ဒေါ်ခင်စန်းမြင့်) တို့၏ သားသမက်၊ ဒေါ်အေးအေးစိုး (Director YIEC) ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းအေး-ဒေါ်မြင့်မြင့်စိုးတို့၏ ညီ၊ (ဦးဇင်မောင်မောင်) - ဒေါ်မီမီတာ၊ ဦးအောင်မော် - ဒေါ်သန္တာဆွေတို့၏ အစ်ကို၊ တူ၊တူမရှစ်ယောက်တို့၏ ဦးလေးသည် ၁၆-၈-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်မိမိကြီး(၈၉)နှစ်
(သထုံ)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၂၀၉)၊ မြေညီထပ်နေ (ဦးဘကို-ဒေါ်မြခိုင်)တို့၏သမီး၊ (ဦးကိုကို)၏ဇနီး၊ ဒေါ်ဦးခင်-ဦးမောင်မောင်၊ ဦးမောင်မောင်ကို-ဒေါ်ယဉ်ယဉ်သိန်းတို့၏မိခင်၊ မသက်သက်ခိုင်-ကိုမြသောင်းထွန်း၊ မခင်ဆွေသက်-ကိုကျော်မျိုးဇော်၊ မမေမွန်သူတို့၏အဘွားသည် ၁၇-၈-၂၀၀၄(အင်္ဂါနေ့) ညနေ၆း၂၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းတံတိုင်းဒါယိကာမကြီး
ဒေါ်ကျင်မြ (ခ)ဒေါ်စံမေ
အသက် (၈၄)နှစ်
(ကြက်ဆူကျင်းကျေးရွာ၊ ရေစကြိုမြို့)

ရေစကြိုမြို့၊ကြက်ဆူကျင်းကျေးရွာနေ (ဦးဘသန်း-ဒေါ်စောရင်)တို့၏သမီး၊ ပြည်မြို့၊အမှတ် (၃/၂၄)၊ ရွှေတချောင်းလမ်း၊ နဝင်းကွက်သစ်၊ နဝရတ်အိမ်ရာနေ ဒုတိယဗိုလ်မှူးကြီးသန်းထိုက်(ငြိမ်း)၏ဇနီး၊ ဦးကျော်ဆွေ-ဒေါ်ခင်ဒါလီ ဆွေဝင်း၊ ဗိုလ်မှူးကြီးခင်မောင်လတ်-ဒေါ်သန်းသန်းငွေ၊ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်-ဒေါ်နုနုယဉ်၊ ဒေါ်ယုယုငွေ၊ ဦးတင့်အောင်-ဒေါ်တင်အေးဝင်း၊ ဗိုလ်မှူးအေးကိုကို-ဒေါက်တာကေခိုင်မျိုးတို့၏ ချစ်လှစွာသောမွေးမိခင်၊မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၆-၈-၂၀၀၄(တနင်္လာနေ့)နံနက် ၃း၄၂နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ကန်သာဦးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်း၊ သိမ် ဒါယိကာမကြီး
ဒေါ်ခင်ထွေး(၈၃)နှစ်
(ဘုရားကြီးကုန်း၊ ချောင်းဆုံမြို့)

ရှမ်းပြည်နယ် မြောက်ပိုင်း၊ နမ္မတူမြို့နယ်၊ မန်စံမိုင်းမှကျေးရွာနေ (ဦးဘဇံ-ဒေါ်အောက်လွယ်ဟိန်းစိန်)တို့၏သမီး၊ ဘီးလူးကျွန်း၊ ချောင်းဆုံမြို့နယ် ဘုရားကြီးကုန်းကျေးရွာနေ (ဦးဘချစ်-ဒေါ်ကွန်မေ)တို့၏ သမီးချွေးမ၊ (ဦးသစ်စိန်၊ ကျန်းမာရေးမှူး၊ ငြိမ်း)၏ဇနီး၊ ဦးတိလောက(ဦးတင်အောင်မြင့်)-ဒေါ်စိန်ရင်၊ ဦးငွေခြည်-(ဒေါ်ဖြူဖြူဝင်း)၊ ဒေါက်တာခင်မောင်သို-ဒေါ်ရင်ရင်တင်အုံး၊ ဦးလှဝင်း(မင်္ဂလာဒုံ)-ဒေါ်ခင်လေးဝါ၊ ဦးစိမ်းနွယ်-ဒေါ်မေဥမ္မာ၊ ဦးလှဝင်း(မင်္ဂလာဈေး)-ဒေါ်ခင်မိုးပြာတို့၏မိခင်၊ မြေး၁၆ယောက်တို့၏အဘွားနှင့် မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄လမ်း၊ အမှတ် ၄၂(သုံးထပ်)နေအိမ်၌ ၁၄-၈-၂၀၀၄ (စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါ ၁၂၄လမ်း နေအိမ်မှ ကားများမွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ
ဦးလှမောင်(၇၉)နှစ်
(၉၉၉)ရှမ်းခေါက်ဆွဲဆိုင်

နောင်ချိုမြို့၊ ဘူတာရပ်နေ (ဦးဖော့-ဒေါ်ကြင်ရွှေ)တို့၏သားထွေး၊ နမ့်ဆန်မြို့နေ (ဦးလောဝမ်-ဒေါ်ရှမ်းမန်း)တို့၏သမက်၊ နောင်ချိုမြို့နေ (ဦးစောမူ-ဒေါ်နှင်းရွှေ)တို့၏ညီ၊ (ဦးစိန်-ဒေါ်စက်ဖြင့်)၊ (ဦးရှီလျှံ)-ဒေါ်ခက်ခွင်တို့၏မောင်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၄)လမ်း၊ အမှတ် (၁၃၀/B)နေ ဒေါ်ခင်နှင်းဝေ၏ခင်ပွန်း၊ ကိုချစ်ဝင်း-မမေဝင်း၊ ကိုလှသောင်း-မလဲ့လဲ့ဝင်း၊ ကိုကျော်မင်း-မလှလှဝင်း၊ ကိုစောတိုးတိုး-မဒေလီဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးယုနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(၃၄လမ်းနေအိမ်နှင့် အမှတ်၈၃၊ ၉၂လမ်းတို့မှ ကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးအောင်သိန်း (၆၉)နှစ်
ကကကွေ(ငြိမ်း)၊ (အေးမွန်ကျေးရွာ)

ပဲခူးတိုင်း၊ကဝမြို့နယ်၊ အေးမွန်ကျေးရွာနေ(ဦးနု-ဒေါ်စောရွှေ)တို့၏ သား၊ ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ငွေးပင်ချောင်ကျေးရွာနေ (ဦးသိန်း-ဒေါ်ကြည်)တို့၏သားသမက်၊ (ဦးချစ်လှိုင်-ဒေါ်သန်းကြည်)၊(ဦးစိုးလှိုင်-ဒေါ်ကြင်စု)၊ ဒေါ်အုန်းကြည်တို့၏ညီ/မောင်၊ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၇၇၄)နေ ဒေါ်သန်းလှ၏ ခင်ပွန်း၊ ဗိုလ်မှူးအောင်သူ-ဒေါ်မေသွယ်နိုင်၊ ကိုမြင့်စိုး-မမြတ်ချို၊ ဗိုလ်ကြီးသန်းထွန်းအောင်-မဇာခြည်ထွေး၊ ကိုကျော်ကျော်နိုင်-မကျော့ကေသီ၊ မောင်မင်းစိုးတို့၏ မွေးသဖခင်၊ မအိမ့်ကေသီကျော်၊ မအေးခန့်ခန့်ခိုင်တို့၏ အဘိုးသည် ၁၄-၈-၂၀၀၄(စနေနေ့)တွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်လှ (၅၆)နှစ်
(ဆသရ)

ဧရာဝတီတိုင်း၊ဒေးဒရဲမြို့နယ်၊မငေးကြီးကျေးရွာနေ (ဦးအုန်းတင်-ဒေါ်လှိုင်)တို့၏သား၊ (ဦးသိန်းဖေ)-ဒေါ်သန်းတို့၏သားသမက်၊ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ဆက်သွယ်ရေးသင်တန်းကျောင်းဝင်းနေ ဒေါ်လှ၏ခင်ပွန်း၊ မောင်အောင်ကျော်လှိုင်-မကျော့နန္ဒာသွေး၊ မောင်ဇော်မင်းလတ်(ဆသရ)၊ မောင်အောင်အောင်(ဗဟိုစက်ပစ္စည်း)၊မဝင်းမာခိုင်(ဆသရ)၊ မောင်မင်းနိုင်-မစန္ဒာကျော်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၀၄(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊တန်ဆောင်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ကြည်ငွေး(၄၉)နှစ်
(တောင်ငူ)

တောင်ငူမြို့၊ (၅)ရပ်ကွက်၊ ဦးပန်းဖြူလမ်းနေ ဦးကျော်တင့်(လက်ထောက်မန်နေဂျာ၊ အင်ဂျင်နီယာ၊ မြန်မာ့သစ်လုပ်ငန်း၊စစ်ကိုင်းတိုင်း၊တိုင်းခွဲ-၁)၏ဇနီး၊ဗိုလ်ရဲမင်းအောင် B.E Mech (D.S.T.A)(မြစ်ငယ်)-မစန္ဒာတင်မြင့်၊ မမြသီဂီကျော်[သရုပ်ပြဆရာမ၊ သုတနည်းပညာဌာန၊ တောင်ငူ(GTC)]၊ မောင်ဖြိုးဇာနီကျော် (Final Part I မကွေးဆေးတက္ကသိုလ်)တို့၏ မိခင် ဒေါ်ကြည်ငွေးသည် ၁၆-၈-၂၀၀၄ရက်တွင် တောင်ငူမြို့၌ ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ တောင်ငူမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးချစ်လှိုင်(ငြိမ်း)
အသက်(၇၉)နှစ်
ဗိုလ်သင်တန်းအပတ်စဉ်(၂၇)
လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်

မြစ်ကြီးနားမြို့နေဦးပိန်-ဒေါ်စောတင်တို့၏သား၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်(၁၂၀)၊ အခန်း(၂)နေ ဒေါ်မြလှိုင်၏ခင်ပွန်း၊ ဦးမျိုးလှိုင်(မြန်မာ့ဆေးဂဲ)-ဒေါ်ခင်ခင်အုန်း၊ ဦးဝင်းလှိုင်တို့၏ဖခင် ဗိုလ်ကြီးချစ်လှိုင်(ငြိမ်း)သည် ၁၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက်၉နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တစိန္တိတာလင်္ကာရ
သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၈)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ စိန်ပန်းဓမ္မရိပ်သာ ကျောင်းတိုက်ပဓာနနာယက လဒ္ဓိပေသလ သိက္ခာကာမဖြစ်တော်မူသော ဘဒ္ဒန္တစိန္တိတာလင်္ကာရနယ်လှည့် ဓမ္မကထိကဖြစ်တော်မူသော ဆရာတော်ကြီးသည် (၁၃၆၆ခုနှစ်ဒုတိယဝါဆိုလပြည့်ကျော် ၁၄ရက်)၊ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျောက်ဖြူမြို့စိန်ပန်းဓမ္မရိပ်သာကျောင်းတိုက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍(၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၇ရက်) ၂၂-၈-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ကျောက်ဖြူမြို့၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားပါသည်။

ဈာပနကော်မတီ။

ဘုရား၊ ရဟန်း၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးမောင်မောင်ခဆွေ(ခ) Carl (၄၅)နှစ်
Managing Director, Integrated Marketing Ltd,
Vice President, Focus Energy Ltd.,

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂၄/G)၊ ပြည်လမ်း၊ ပြည်သူ့လမ်းသွယ်နေ (ဦးမြင့်ဆွေ-ဒေါ်ညိုညို(ခ)ဒေါ်နယ်လီသိန်း)တို့၏ သား၊ (ဗိုလ်မှူးကျော်စိုး-ဒေါ်ခင်စန်းမြင့်)တို့၏ သားသမက်၊ သီရိသုဓမ္မသီဂိ ဒေါ်အေးအေးစိုး (Director. YIEC)၏ ချစ်လှစွာသောခင်ပွန်း၊ မကေခိုင်ခ(ခ)Olivia Kha (U.W.C.S.E.A, Singapore)၊ မောင်အာကာခ(ခ)Raymond Kha (U.W.C.S.E.A, Singapore)တို့၏ ချစ်လှစွာသောဖခင်သည် ၁၆-၈-၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၁၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ခဆွေ(ခ) Carl
Managing Director, Integrated Marketing Ltd,
Vice President, Focus Energy Ltd.,
အသက်(၄၅)နှစ်

သီရိသုဓမ္မသီဂိဒေါ်အေးအေးစိုး(Director, YIEC)၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်ခဆွေ သည် ၁၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသောင်းစိန် (Chairman, Set Kyar Shwe Yi Co.,Ltd.)-
ဒေါ်ခင်ဆွေလဲ့မိသားစု၊ ရွှေပြည်ရတနာပွဲရုံ။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ခဆွေ(ခ) Carl (၄၅)နှစ်
Managing Director, Integrated Marketing Ltd,
Vice President, Focus Energy Ltd.,
Director,Ngapali Beach Hotel

ငပလီကမ်းခြေဟိုတယ်၏ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဝင် ဦးမောင်မောင်ခဆွေသည် ၁၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အုပ်ချုပ်မှုဒါရိုက်တာများနှင့် ဝန်ထမ်းများ
ငပလီကမ်းခြေဟိုတယ်။

ဒေါ်ခင်စိန်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၉)၊ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းနေ (ဦးရှုရန်)၏ ဇနီး၊ ဗိုလ်မှူးနေဝင်း(ငြိမ်း)-ဒေါ်မြသီတာတို့၏ အဒေါ်၊ ဦးသိန်းပိုင်(မိတ္ထီလာတက္ကသိုလ်)-ဒေါ်မြသွင်၊ ဒေါ်မြသွေး(ကကွေ)၊ ဦးဇော်ဝင်းတို့၏မိခင်၊မြေငါးယောက်တို့၏ အဘွားသည် ၁၆-၈-၂၀၀၄(တနင်္လာနေ့)တွင် နေအိမ်၌ကွယ်လွန်ပါ၍ ၁၈-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတင်ကြိုင် (၆၅)နှစ်
(သုဝဏ္ဏ၊ ကျိုက်ထို၊ ကော့ထင်း)

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကော့ထင်းကျေးရွာနေ (ဦးထွန်းဖေ-ဒေါ်သိန်း)တို့၏သား၊(ဦးဘိုးထင်-ဒေါ်ချစ်မြ)တို့၏ သားသမက်၊ သုဝဏ္ဏမြို့၊ တိုက်(၁၄၁/၆)၊ မီးဒုံးလမ်းသွယ်(၁)နေ ဒေါ်ယဉ်ယဉ်စိန်၏ခင်ပွန်း၊ မောင်သက်နိုင်-မနွယ်နွယ်လှိုင်၊ မောင်သန့်ဇင်ထွန်း-မဝါဝါဦးတို့၏မွေးသဖခင်၊ မောင်ပြည့်စုံဦး(X-A ၊ ထ-၆ ဗိုလ်တထောင်)၊ မောင်ပြည့်ဖြိုးကျော် (X-A၊ထ-၆၊ ဗိုလ်တထောင်)၊ မယမင်းသန့် (III၊ အထက-သုဝဏ္ဏ)တို့၏အဘိုး၊ ဒေါ်ရီရီရွှေ၊ ဦးသာရင်-ဒေါ်ဆန်းကြွယ်(အမက-၁၃၊ သင်္ဃန်းကျွန်း)၊ ဦးကျော်စိုးရင်-ဒေါ်ခင်ခင်ပြုံး၊ ဦးမြတ်သူ-ဒေါ်စန်းစန်းယု၊ ဦးခင်ဇော်သိန်း-ဒေါ်နွယ်နွယ်ဦး (စီးပွားရေးတက္ကသိုလ်)၊ ကိုတာ-မနုနုဆွေ၊ မတင်တင်ဝါ၊ မောင်တင်အောင်မင်းတို့၏ဖခင်သည် ၁၆-၈-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၈-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၀း၄၅နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်း၊ရေချမ်းစင်
ဒါယိကာမကြီး
ဒေါ်ချိုနွယ်ဦး(ခ)ဒေါ်ဆွေဆွေ
အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ(ဦးကျော်သိန်း-ဒေါ်ညွန့်ညွန့်)တို့၏ သမီးထွေး၊ ရေနံချောင်းမြို့နေ(ဦးဗလ-ဒေါ်မြရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၂၇၅)၊ ရာဇသင်္ကြန်(၇)လမ်း၊(၁၁)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်ဇော်၏ ဇနီး၊ ဒေါက်တာ ဦးတင်ဝင်း-ဒေါ်ခင်သန်းရီ၊ ဦးဝင်းထိန်-ဒေါ်အေးကြည်မြင့်၊ ဦးစိုး(ငြိမ်း)-ဒေါ်သန်းသန်းအေး၊ ဦးကျော်မောင်သိန်း-ဒေါ်နီနီဝင်း၊ ဦးစံလင်း-ဒေါ်မြညွန့်၊ ဦးတို့၏ ညီမထွေး၊ ဒေါ်သန်းသန်း၊ ဦးရဲဇော်-ဒေါ်မြင့်မြင့်ဆွေ၊ ဦးဖေဆန်း-ဒေါ်သန်းသန်းငွေ၊ ဦးဖေသန်း-ဒေါ်ကြူကြူသိန်းတို့၏ညီမသည် ၁၇-၈-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဟံသာထက်(ခ)
မောင်ဆန်းဆင့်စိုး
အသက်(၈)လ

မန္တလေးမြို့နေ(ဦးတင်ရွှေ-ဒေါ်အေး)နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၈) ရပ်ကွက်၊ဗေဒါလမ်း၊ အမှတ်(၈၇၈)နေ (ဦးသက်တင်)-ဒေါ်နှင်းရီတို့၏မြေး၊ ဦးကျော်မင်းဦး(ဒု-လဝကမှူး၊ ပုဇွန်တောင်)၊ ဗိုလ်ကြီးမြတ်မင်းလတ်(ကကဆေး)-ဒေါ်အိအိလွင် (ပညာရေးတက္ကသိုလ်)၊ ဗိုလ်ကြီးတင်မင်းထွေးတို့၏တူ၊ ကိုမြင့်ဦး၊ကိုခင်ဦး၊ တပ်ကြပ်ကြီး/ယာဉ်ပြင် ကိုကိုထွေး၊ ဒေါ်လဲ့ချိုဝင်းတို့၏ တူ၊ မမိုးပွင့်ဖြူ၏မောင်ငယ်၊ ဦးရဲကျော်သူ-ဒေါ်အိအိသက်တို့၏သားသည် ၁၆-၈-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၈-၈-၂၀၀၄ရက်မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များ ပေါ်ပေါက်ရေး ပူးပေါင်းဆောင်ရွက် ၂၀၀၅ – ၂၀၀၆ ခုနှစ်တွင် ကျေးရွာအုပ်စုအားလုံး ဖွင့်လှစ်ပြီးစီးရေး ပြန်ကြားရေးဝန်ကြီးဌာနက ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ဆွေးနွေးကာ အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြဝတီစာပေတိုက်၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ပပုဂ္ဂလိကစာပေတိုက်များ၊ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒

စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲ ၂၀၀၄ကို ဒုတိယနေ့အဖြစ် ယနေ့ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဆက်လက် ကျင်းပသည်။

အဆိုပါရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၁၆၄တွဲနှင့် ကျောက်မျက်အတွဲပေါင်း ၃၂၃တွဲ တို့ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်နယ်/တိုင်း မြန်မာ့ရိုးရာလက်ဝှေ့(အမှတ်ပေး) လူသစ်တန်းနှင့် (ခ)အဆင့်တန်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် အမှုဆောင်အဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းအထူးတန်းရှိ အဖွဲ့ချုပ်ရုံးခန်းတွင်ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ လူမှုထူးချွန်(ပထမဆင့်) ဒေါ်မိမိခင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ စာမျက်နှာ ၉ ကော်လံ ၃ သို့ ✦

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် အဖွဲ့ဝင်များ အာဆီယံနိုင်ငံများမှ ကျွမ်းကျင်သူများအဖွဲ့တို့ သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ အာဆီယံနိုင်ငံများဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ တတိယအကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မျိုးသုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့်အပင်များ ထိန်းသိမ်းကာကွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အာဆီယံကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးဖွင့်

ရန်ကုန် ဩဂုတ် ၁၇

သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့ ပူးပေါင်း၍ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်၊ သစ်ပင် ပန်းမန်များ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Flora and Fauna -CITES) ၏ အာဆီယံနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ စာမျက်နှာ ၉ ကော်လံ ၄ သို့ ❁

ရန်ကုန်မိုးရေချိန်

(၁၇-၈-၂၀၀၄)

ရန်ကုန်မြို့လယ်

၁ ဒသမ ၂၂ လက်မ

မင်္ဂလာဒုံ

၀ ဒသမ ၉၉ လက်မ

ကမ္ဘာအေး

၀ ဒသမ ၇၉ လက်မ